# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၆)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၉ ရက်၊ ၂၆-၃-၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်

နေပြည်တော် မတ် ၂၅

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

**လေ့ကျင့်ဆောင်ရွက်**

စစ်ရေးပြလေ့ကျင့်မှုတွင် လေအိတ်ပုလွေတပ်စု၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ ဂုဏ်ပြုမြင်းစီးတပ်ခွဲ၊ ယန္တရားစစ်ကြောင်းများ၊ စစ်ကြောင်း ခုနစ်ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံ

စာမျက်နှာ ၃ သို့ ☆




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


**ဆီးချိုစနက် နစ်နာချက် (ဆောင်းပါး)**

စာမျက်နှာ ၆

**ဒိုလိုဆီဂရာနူလမ်ပီဂရပ်(ခေါ် )ဘက်တီးရီယားကြောင့် နာတာရှည်ကိုပစ် ဆက်လက်ဖြစ်ပွားနိုင်ခြေလျှော့နည်း**

စာမျက်နှာ ၇

**ဂရစ်ဇ်မန်းကို အော်လန်ဒိုစီးတီးအသင်း ခေါ်ယူ**

စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ ဇလ

၂၀၂၆ ခုနှစ်၊ မတ် ၂၆ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် လူငယ်များကို အရေးပါသည့် အရင်းအမြစ်များအဖြစ် သတ်မှတ်ပြီး လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ လူငယ်မူဝါဒ အဓိကကဏ္ဍ(၁၆)ရပ်အား ထိရောက်စွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အားလပ်ချိန်များကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန်အတွက် ကင်းထောက်သင်တန်းများအပါအဝင် လူငယ်များအကျိုးရှိစေမည့် နွေရာသီအားကစားလေ့ကျင့်ရေး သင်တန်းများအပြင် ကဏ္ဍစုံလှုပ်ရှားမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကင်းထောက်လူငယ်သင်တန်းသည် လူငယ်များအနေဖြင့် တာဝန်သိသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်အတွက် ပုံသွင်းဖန်တီးသည့်နေရာဖြစ်ကြောင်း၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူသွားကြရန်နှင့် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်ရာတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်နိုင်မည့် ဗလငါးတန်နှင့် ပြည့်စုံသည့် ကင်းထောက်လူငယ်မောင်မယ်များဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက မတ် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အထက(၁၁)၌ ကျင်းပသည့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီနယ်မြေ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနား၌ တိုက်တွန်းပြောကြားသည်။

ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များအဖြစ် ပေါ်ထွက်လာစေရေး လူငယ်ကဏ္ဍကို ဘက်စုံ၊ ကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည်။

လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တများ ကောင်းမွန်လာအောင်ပြုပြင်ပေးပြီး စိန်ခေါ်မှုများကို ရဲရဲဝံ့ဝံ့ကျော်လွှားရဲသည့် လူငယ်များ၊ နိုင်ငံတော်က အားထားရသည့် လူငယ်များအဖြစ် လူမှုအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ သွန်သင်ဆုံးမမှုများကို ရိုသေစွာလိုက်နာတတ်သည့် အလေ့အထများရရှိစေရန်နှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းတတ်သည့် အလေ့အထကောင်းများ၊ သူတစ်ပါးကို ဖေးမကူညီလိုသည့် စိတ်ကောင်းစိတ်မြတ်များနှင့် လောကကောင်းကျိုး၊ နိုင်ငံ့အကျိုး၊ အများကောင်းကျိုးများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် လူကောင်းလူတော်များ၊ လူရည်ချွန်များ အများအပြားပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်နှင့်အညီရောင်းချမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်နှင့်အညီ ရောင်းချမှု ရှိ၊ မရှိကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ သယံဇာတရေးရာဝန်ကြီးက ရဲမွန်တောင်ရပ်ကွက်ရှိ ငွေးငွေးကြွယ်ဆီဆိုင်၊ Max Energy ဆီဆိုင်၊ BOC ဆီဆိုင် နှစ်ဆိုင်၊ နယူးပါဝါ ဆီဆိုင်၊ SINGAPORE ဆီဆိုင်၊ အောင်ဆီဆိုင်၊ DENKO ဆီဆိုင် နှစ်ဆိုင်၊ HSD ဆီဆိုင်၊ ၃၆၀ ဆီဆိုင် နှစ်ဆိုင်နှင့် MEC ဆီဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် ၁၃ ဆိုင်တို့အား စက်သုံးဆီများရောင်းချရာတွင် ပြည်သူများ ဆီအလုံအလောက်ရရှိစေရေးနှင့် ရက်ကြာကြာအသုံးပြုနိုင်စေရေး၊ စက်သုံးဆီပုံမှန်ရောင်းချပေးနိုင်ရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် ဆီလာထည့်သည့် မော်တော်ယာဉ်များကို စက်သုံးဆီချွေတာရေးနှင့် မလိုအပ်ဘဲ ဆီများသိုလှောင်ခြင်း မပြုလုပ်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ စက်သုံးဆီအရောင်းဆိုင်များ ပုံမှန်ရောင်းချခြင်းမရှိပါက သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပြီး အဆိုပါဆိုင်များကို ဥပဒေနှင့်အညီ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စက်သုံးဆီအရောင်းဆိုင်များရှိ ဆိုင်မန်နေဂျာနှင့် အရောင်းဝန်ထမ်းများအား စက်သုံးဆီများ ပုံမှန်ရောင်းချပေးနိုင်ရေး အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**အလင်းသစ်**



**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## နွေရာသီ အခြေခံအင်္ဂလိပ်စာ Grammar သင်တန်းဆင်းပွဲ ကျင်းပ




**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု Community Centre ခန်းမ၌ နွေရာသီအင်္ဂလိပ်စာအခြေခံ Grammar သင်တန်း သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းကာလအတွင်း ဉာဏ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများကို ဦးစီးအရာရှိ ဦးမျိုးမင်းနှင့် သင်တန်းဆရာမ ဒေါ်မိုးပပနိုင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

အဆိုပါ နွေရာသီအခြေခံအင်္ဂလိပ်စာ Grammar သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြ အခမ်းအနားအစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက် နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၊ ယာဉ်ယန္တရားများ၏ စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက် နေရာယူမှုများ၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများ၊ မြင်းစီးတပ်ခွဲနှင့် အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း ဝင်ရောက်နေရာယူမှုများအား ဦးစွာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေမှလေယာဉ်၊ရဟတ်ယာဉ်များ၏ အချိန်ကိုက် အုပ်ဖွဲ့ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှု ဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှု၊ စစ်ရေးပြတပ်ခွဲ အသီးသီး၏ စစ်ရေးပြ လှုပ်ရှားမှုများနှင့် ဂုဏ်ပြု အမြောက်တပ်ဖွဲ့တို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အထူးတာဝန်တပ်ဖွဲ့ဝင်များ၊ ယာဉ်ယန္တရားများ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဖော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၂၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

# ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား နေ့စဉ် အစုန်/အဆန် သုံးစင်းပုံမှန်ပြေးဆွဲပေးမည်

**နေပြည်တော် မတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား ပုံမှန် DEMU ရထား နှစ်စင်း ပြေးဆွဲလျက်ရှိပြီး ထပ်မံ၍ ရန်ကုန်-နေပြည်တော် အသွားအပြန်ခရီးစဉ်များအား အမှတ် (၃၃)အဆန်၊ (၃၄) အစုန်ရထားများအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | အမှတ်(၃၃)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၃၀ |
| ၃ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၁:၃၀ |
| ၅ | အမှတ်(၃၄)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၃၀ |
| ၆ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

ထပ်မံတိုးချဲ့ပြေးဆွဲမည့် အမှတ်(၃၃)အဆန်နှင့် (၃၄)အစုန်ရထားလက်မှတ်များအား သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး Online Railways Ticketing and Payment (ORTP)စနစ်ဖြင့် ဝယ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အမှတ်(၃၃) အဆန် ရန်ကုန်-နေပြည်တော် DEMU လူစီးအမြန်ရထားသည် မတ် လ ၂၆ ရက်နေ့မှ စတင်ပြေးဆွဲပေးပြီး မတ်လ ၂၇ ရက်နေ့မှစ၍ ရထားအားလုံး အထက်ပါရထားအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။ **မြန်မာ့မီးရထား**

❒ စာမျက်နှာ ၂၄ မှ

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲထွက်ခွာမည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ထို့နောက် ရထားပေါ်ရှိ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုက်ပါသွားသည့်ခရီးသည်များအား လက်ပြနှုတ်ဆက်ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ခြောက်ခေါင်းကို မြင်းကောင်ရေ ၁၆၀၀ အား ဘက်ထရီလျှပ်စစ်စက်ခေါင်းအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးခဲ့ပြီး အလားတူ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ဘက်ထရီလျှပ်စစ်စက်ခေါင်း ခြောက်ခေါင်း စုစုပေါင်း ၁၂ ခေါင်းကို ထုတ်လုပ်သွားမည်ဖြစ်သည်။



ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့ ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံမှ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲထွက်ခွာမည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ထုတ်လုပ်ပြီးဖြစ်သည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းများကို နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် လေအေးပေးစက်ပါ လေအိတ်အထူးအမြန်ရထားဖြင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှစတင်၍လည်းကောင်း၊ ပြင်ဦးလွင်-ဓိုးပင်ကြီးတောင်ပေါ်လမ်းပိုင်း လူစီးရထားတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍လည်းကောင်း ပြေးဆွဲအသုံးပြုခဲ့ပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ယနေ့မှစတင်၍ ဘက်ထရီလျှပ်စစ်ရထားစက်ခေါင်းကို လူစီးတွဲလေးတွဲနှင့် ဘရိတ်တွဲတစ်တွဲ ချိတ်ဆက်အသုံးပြု၍ ရန်ကုန်-တိုးကြောင်ကလေး၊ ရန်ကုန်-အင်းစိန်နှင့် ရန်ကုန်မြို့ပတ်ခရီးစဉ်များကို ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း တစ်ခေါင်းဖြင့် အစားထိုးပြေးဆွဲခြင်းကြောင့် တစ်ရက်အတွက် ဘဏ္ဍာငွေကျပ်ခြောက်သိန်းကျော် ခြိုးခြံချွေတာနိုင်သဖြင့် တစ်လအတွက် ကျပ်သိန်း ၁၈၀ ကျော် ကုန်ကျစရိတ်သက်သာနိုင်မည်ဖြစ်သည့်အပြင် တစ်ရက်လျှင် ဒီဇယ်ဆီ ၆၆ ဂါလန်နှုန်းဖြင့် တစ်လအတွက် ဒီဇယ်ဆီ ၁၉၈၀ ဂါလန် လျှော့ချသုံးစွဲနိုင်မည်ဖြစ်သည်။


ဘက်ထရီစွမ်းအင်သုံးလျှပ်စစ်စက်ခေါင်းနှင့် ရထားတွဲဆိုင်းများပြေးဆွဲပေးနိုင်ခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုလုံးဝမဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေခြင်း၊ အသံဆူညံမှုကို လျှော့နည်းစေခြင်း၊ ဒီဇယ်ဆီအသုံးပြုစက်ခေါင်းနေရာတွင် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများဖြင့် အစားထိုးသုံးစွဲနိုင်မှုကြောင့် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းနေရသည့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ဘက်ထရီစက်ခေါင်းများကို အစားထိုးပြေးဆွဲပေးခြင်းဖြင့် ဒီဇယ်ဆီသုံးစွဲမှုကို လျှော့ချနိုင်ပြီး ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ဘက်ထရီစက်ခေါင်းများ အသုံးပြု၍ ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လောင်စာဆီအခက်အခဲအား တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်းရှိ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်၍ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transportation) အတွက် များစွာအထောက်အကူဖြစ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး ကွင်းဆင်းစစ်ဆေး

**မြစ်သား မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးအောင်ပြည့်ဖြိုးဦးနှင့် အတွင်းရေးမှူး ရဲမှူးငွေဝင်းတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကူမဲမြို့ရှိ ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီက မြစ်သားမြို့နယ် ကူမဲမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ ဆောင်ရွက်ခဲ့သည်။



စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးအောင်ပြည့်ဖြိုးဦး၊ အတွင်းရေးမှူး ရဲမှူးငွေဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ကူမဲမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ ကူမဲနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းမင်းဆွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကူမဲမြို့ စည်ပင်သာယာရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအေးမင်းထိုက်၊ ကူမဲမီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ကူမဲမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူများသို့ အသိပေးကြေညာချက်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဝါဝါမြင့်(မြစ်သား)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

✪ နိုင်ငံတစ်ဝန်းမှ

ခရိုင် / မြို့နယ်များတွင်လည်းကောင်း ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့ ကမ်းနားလမ်း၊ ကန်သာယာရေကန်အနီးရှိ ချစ်သူလမ်းကြား၊ ဖွဲကပင်ပန်းခြံရှေ့တို့တွင် လမ်းလျှောက်သကြီန်နှင့် သဲသောင်ပြင်သကြီန်တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကန်သာယာဗိုလ်ချုပ်လမ်းပေါ်၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ကမ်းနားလမ်းတစ်လျှောက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင်လည်းကောင်း လမ်းလျှောက်သကြီန်မဏ္ဍပ်များ ဆောင်ရွက်ပြီး ခရိုင်နှင့် အမြို့မြို့အနယ်နယ်တွင်လည်း သတ်မှတ်နေရာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ခရိုင် / မြို့နယ်အသီးသီးတို့တွင်လည်း လမ်းလျှောက်သကြီန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအတူပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွဆင်နွှဲကြမည့် အနှစ်သာရရှိသည့်ပွဲတော်ကြီးတစ်ခုဖြစ်သည်။

လမ်းလျှောက်သကြီန်ပွဲတော်တွင် ပြည်သူအားလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် မြို့ကြီးအသီးသီးအပြင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ လမ်းလျှောက်သကြီန်မဏ္ဍပ်များ ပြုလုပ်ပြီး နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုကျော်များ၊ ဒေသခံအဆိုတော်များဖြင့် ဖျော်ဖြေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လေထုညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်

**ပုသိမ်ကြီး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက် ၁၀ နာရီက community centre ခန်းမ၌ ပွင့်လင်းရာသီကာလအတွင်း လေထုညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်သည်။

အဆိုပါ Talk Show တွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းအရင်း၊ အမှိုက်တွေကို ဘာလို့ မီးမရှို့သင့်ကြောင်း၊ အမှိုက်မီးရှို့ခြင်းကို ပြည်သူလူထုက ဘာကြောင့် အလွယ်တကူပြုလုပ်ကြလဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီး ပြည်သူတွေသိရှိအောင် ဘယ်လိုမျိုးဆောင်ရွက်နေလဲ၊ ပြည်သူလူထုကို လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို မျှဝေပြောကြားခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသန္တာလင်းတို့က အသိပညာပေး Talk Show ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စာနည်ကိုကို(ပြန်/ဆက်)**



## အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်း

**စစ်ကိုင်း မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် ရထားစက်မှုသင်တန်းကျောင်း(ရွာထောင်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းအမှတ်စဉ်(၆/၂၀၂၅-၂၀၂၆)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) အထွေထွေမန်နေဂျာ ဦးအောင်ကျော်နိုင်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ခဲ့သည်။

အဆိုပါ အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

၀-၀-၀-၀

## မီးဘေးအန္တရာယ်ကင်းဝေးစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**ပုဂံ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ပုဂံနယ်မြေမီးသတ်စခန်းမှ ပွင့်လင်းရာသီကာလ ဒေသခံပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မတ် ၂၄ ရက်က တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် ပုဂံနယ်မြေ မီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ လိုက်ပါ၍ ပုဂံမြို့သစ် ကျွန်စစ်သားရပ်ကွက်ရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်း သွားရောက်၍ မီးသုံးစွဲမှုအခြေအနေများ စစ်ဆေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေများနှင့် မီးလောင်လွယ်သော အမှိုက်သရိုက်များနှင့် လောင်စာများ မရှိစေရေး သန့်ရှင်းရေးဆောင်ရွက်ထားမှုများ၊ ရေရရှိရေးဆောင်ရွက်ထားမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီကာလ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မီးဘေးလုံခြုံရေး အကြံပြုစစ်ဆေးခြင်းကို ပုဂံမြို့သစ် ကျွန်စစ်သားရပ်ကွက်ရှိ လူနေအိမ် ၁၃၀ လုံး၊ အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၀၀ ဦးတို့အား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့နိုင်ရန် 191 Report Application အား မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုစေရေးတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၄၅)

☼ စာမျက်နှာ ၂၄ မှ

ကျွန်တော်က ဒီပွဲကနေစပြီး အာဖဂန်နစ္စတန်အသင်းကို အသင်းကောင်းတစ်သင်းဖြစ်လာအောင် စတင်ပုံဖော်သွားမှာဖြစ်ပါတယ်။ မိမိကိုင်တွယ်တဲ့ ပထမဆုံးပွဲစဉ်မှာ အရှုံးရလဒ် မလိုချင်တာကြောင့် အကောင်းဆုံးပြင်ဆင်ပြီး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်''ဟု ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်အသင်း ခေါင်းဆောင် အိုမစ်ပိုပယ်လ်ဇိုင်း (Omid Popalzay)ကလည်း ''မြန်မာအသင်းဟာ ကျွန်တော်တို့ကို ပထမအကျော့မှာ အနိုင်ရရှိထားတာကြောင့် ဒီပွဲစဉ်မှာ ခက်ခက်ခဲခဲရင်ဆိုင်ကစားသွားရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ဟာ နည်းပြသစ်နဲ့အတူ ပြင်ဆင်မှုတွေ ပြုလုပ်ထားတာကြောင့် အရှုံးကြွေးပြန်ဆပ်နိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမှာ ဖြစ်ပါတယ်''ဟု ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၏ အုပ်စု(E) ပွဲစဉ်ကို ၂၀၂၆ ခုနှစ်၊ မတ် ၂၆ ရက်၊ ညနေ ၅ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

(NGB)

၀-၀-၀-၀

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၂၅**

ယနေ့ညနေ ၅ နာရီ ၅၂ မိနစ် ၃၆ စက္ကန့်တွင် တောင်ငူမြေငလျင်စခန်းမှ အရှေ့ဘက် ၈၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဘောလခဲမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၀၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၆၉ ဒီဂရီ၊ အနက်၁၀ကီလိုမီတာကိုဗဟိုပြု၍အင်အား ပမာဏ ၄ ဒသမ သုည အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ







သရက်မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ ယနေ့ ညနေ ၄ နာရီက သရက်မြို့၊ ပြည်တော်အေးရပ်ကွက်၊ ရုံးကြီးလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ ဝန်ထမ်းများကို မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကြစဉ်။

(၀၄၀)

## မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နန်းလုံကျေးရွာနှင့် ကျည်စုကျေးရွာကြား၌ ငွေကျပ် သုံးဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အလုံးစုံ ပပျောက်ကင်းရှင်းစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ပြည်သူလူထုနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့က မတ် ၂၄ ရက် နံနက် ၂ နာရီခွဲခန့်တွင် တပ်ကုန်း-ကျောက်ဆည်ခရိုင်ချင်းဆက်လမ်းပေါ်ရှိ နန်းလုံကျေးရွာနှင့် ကျည်စုကျေးရွာကြား၌ ပင်လောင်းမြို့နယ်မှ ဆာလာအိတ်များ တင်ဆောင်လာသည့် Shayan အမျိုးအစား ဆိုင်ကယ်နှစ်စီးနှင့် Kenbo အမျိုးအစား ဆိုင်ကယ်တစ်စီးတို့အား စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ရန် တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိသဖြင့် လိုက်လံ ဖမ်းဆီးခဲ့ရာ ခွန်လီမှာ ၄၀ နှစ် (ဘ) ဦးထွန်းလှိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် လူဖဲခြိမ်းကျေးရွာနေသူအား ဆိုင်ကယ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဆိုင်ကယ်များပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ်များအား ရှာဖွေစစ်ဆေးခဲ့ရာ ဆာလာအိတ်ခြောက်အိတ်အတွင်းမှ ငွေကျပ် သုံးဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆီးချိုစနက် နစ်နာချက်

သူငယ်ချင်းတစ်ယောက် မိုးကောင်းဘက် ကားမောင်းအလုပ် သွားလုပ်တာ ကားမောင်းတဲ့ လမ်းတစ်လျှောက် ဂိတ်တွေ၊ ဆိုင်တွေက အမ်းသမျှ အချိုရည်ဘူးတွေ၊ ပုလင်းတွေကို ရေဆာတိုင်းသောက်တယ်။ သောက်ရေက မသန့်လို့တဲ့။ ရေသန့်ဝယ်သောက်ရင်လည်း ဈေးကြီးလို့တဲ့။ ရေမသောက်ဘဲ အချိုရည်တွေချည်းပဲ သောက်တာ မိုးကောင်းမှာနေတဲ့ သုံးလအထိ။

သုံးလကျော်တော့ မိုးကောင်းကနေ ဖားကန့်ကို ရောက်တယ်။ ဖျားတယ်၊ ဆေးခန်းပြတယ်၊ ဆရာဝန်က ဆီးစစ်ကြည့်တယ်။ ဆီးချို၊ သွေးချို ဂိတ်ကုန် အုတ်နီခဲအရောင်ဖြစ်နေတယ်။

အဲ့ဒီအချိန်က ဆီးချို၊ သွေးချိုစစ်တာ အခုလို Test Stick တွေ၊ ဂလူကိုမီတာတွေ ခေတ်မစားသေးဘူး။ ဆီးကို ဖန်ပြွန် Tube လေးထဲထည့်ပြီး အပူပေးစမ်းသပ်တဲ့နည်းနဲ့ စစ်တာ အုတ်နီခဲရောင်အဆင့်အထိ ရောက်နေတော့ ဆရာဝန်က ခင်ဗျား မဖြစ်ချေဘူး။ ဆီးချိုတက်နေတာ ဆေးသောက်ရမယ်၊ ဆင်ခြင်ရမယ်ပြောတယ်။ ဆေးပေးတယ်၊ ဆေးတော့သောက်တယ်။ အစားအသောက် မဆင်ခြင်ဘူး။

ဆေးခန်းပြချိန်မှာ လူက တစ်ဖြည်းဖြည်း ပိန်လာတယ်။ မောလွယ်တယ်။ ဖားကန့်မှာ ကောက်ညှင်းဆန်၊ ရှမ်းဆန်မျိုးတွေပဲ စားရတာ။ စားလည်း စားပါရက်နဲ့ တစ်ခါစားပြီးလို့ နာရီဝက်၊ တစ်နာရီလောက်ကြာရင် ပြန်ဆာပြန်ရော။ စားသလောက် လူက မဝဘူး။ ဆီးကလည်း ခဏခဏသွားတယ်။

စားသလောက် 'ဝ'မလာ၊ ပိန်ပိန်လာ။ မသိရင် ဆေးစွဲနေတဲ့ သူလိုလို။ ဆရာဝန်က ပိန်တာကြည့်ပြီး ဆီးစစ်ကြည့်ရာက ဆီးချိုဖြစ်နေမှန်း သိရတာ။ ဒီလိုနဲ့ ဖားကန့်က ဆရာဝန်ပေးတဲ့ဆေးတွေ သောက်တယ်။ ဆေးကုန်တော့ ဆက်မသောက်ဘူး။ မန္တလေး ပြန် လာတယ်။ အထူးကုဆရာဝန်နဲ့ ပြတယ်။ ဆေးတွေ သောက်ရတယ်။ ဆေးသောက်လိုက် မသောက်လိုက်နဲ့။




ဆေးပုံမှန်မသောက်တော့ ဆရာဝန်ကြီးက 'ခင်ဗျား ကျောက်ကပ်ပျက်ပြီး ဒုက္ခများချင်လို့လား'လို့ ဆူပြောတော့မှ ကိုယ့်လူက ဆေးပုံမှန်သောက်တယ်။ အစားအသောက်ဆင်ခြင်တယ်။ ဆီးချိုရေချိန်က ဂိတ်ကုန်ဖြစ်နေတော့ အင်ဆူလင်ထိုးရတဲ့အဆင့်ထိ ရောက်သွားတယ်။

'ငါးနှစ်လောက် အင်ဆူလင်ထိုးရတယ်။ နေ့တိုင်းထိုးရတာ။ ဆေးထိုးတာကြာတော့ သူနာပြုတွေ၊ ဆရာဝန်တွေနီးနီး ကျွမ်းကျင်သွားတယ်။ အင်ဆူလင်လည်းထိုး၊ အစားလည်း ဆင်ခြင်ဂရုစိုက်၊ လမ်းလျှောက်၊ စက်ဘီးစီးလေ့ကျင့်ခန်းတွေလည်း လုပ်တယ်။ ငါးနှစ်ကျော်တော့ အင်ဆူလင်မထိုးရတော့ဘူး၊ သောက်ဆေးပဲ သောက်ရတော့တယ်။ အခုဆို ဆီးချိုသက်တမ်း နှစ်သုံးဆယ်ကျော်သွားပြီ။ အခုဆိုရင် သူငယ်ချင်းက ဆီးချိုနဲ့ပတ်သက်လာရင် ဆရာတစ်ဆူ ဖြစ်နေပြီ။



သူ ကံကောင်းသွားတာက မန္တလေးရောက်ပြီး ဆေးဆက်ကုတာရယ်၊ အင်ဆူလင်ထိုးတာရယ်၊ အစားအသောက် ဆင်ခြင်တာရယ်၊ လေ့ကျင့်ခန်း ပုံမှန်လုပ်တာရယ်တွေကြောင့် ဆီးချိုကို ထိန်းချုပ်နိုင်သွားတာ။

မထိန်းချုပ်နိုင်ရင် ဆီးချိုရဲ့ နောက်ဆက်တွဲတွေ တသီကြီး ဖြစ်မှာမလွဲ။ နစ်နာချက်တွေရှိလာမှာ ကေန်ပါပဲ။ ဘယ်လိုနစ်နာချက်တွေလဲ။

ပုံမှန်ဆိုရင် လူတစ်ယောက် ထမင်းစားပြီးတဲ့အခါ သွေးကြောထဲက ကစီဓာတ်တွေ စုလာတယ်။ စုလာတဲ့ ကစီဓာတ်တွေရဲ့ ၅၀ရာခိုင်နှုန်းကို ကလာပ်စည်းတွေက သုံးလိုက်တယ်။ ၄၅ ရာခိုင်နှုန်းကျော်ကို လိုတဲ့အခါသုံးဖို့ အဆီအဖြစ် သိုလှောင်ထားတယ်။ ကျန်ရာခိုင်နှုန်းကိုတော့ အသည်းနဲ့ကြွက်သားတွေမှာ ဂလိုင်ကိုဂျင်အဖြစ် သိုလှောင်ထားတယ်။

သိုလှောင်ထားနိုင်ဖို့ရာ အင်ဆူလင်ခေါ်တဲ့ ဓာတ်တစ်မျိုးလိုတယ်။ လိုတဲ့ဓာတ်က ဖူလုံ လုံလောက်ရမယ်။ အာနိသင်ရှိရမယ်။

ဆီးချို၊ သွေးချိုဖြစ်တဲ့သူတွေမှာ စားလို့ရလာတဲ့ ကစီဓာတ် ၅၀ ရာခိုင်နှုန်းကို ကလာပ်စည်းတွေဆီ မပို့နိုင်ဘူး။ အင်ဆူလင် လုံလုံ လောက်လောက် မရှိလို့ ရှိတဲ့ အင်ဆူလင်ကလည်း စွမ်းဆောင်ရည်နည်း၊ အာနိသင်နည်း ဖြစ်နေပြန်ရော။ ဒီတော့ ခန္ဓာကိုယ်ကလာပ်စည်းတွေဆီ ကစီဓာတ်တွေ(အချိုဓာတ်) မရောက်တော့ဘဲ သွေးကြောထဲမှာပဲ အချိုဓာတ်တွေ များကုန်တာပေါ့။ (ဒါက ပထမ နစ်နာချက်)

စားလိုက်လို့ရလာတဲ့ အချိုဓာတ်တွေရဲ့ ၄၅ ရာခိုင်နှုန်းကို အဆီအဖြစ် သိုလှောင်တယ်လို့ဆိုတဲ့ ကိစ္စ။ အဆီအဖြစ် သိုလှောင်ဖို့ရာလည်း အင်ဆူလင်လိုတယ်။ ဆီးချိုသမားတွေမှာလည်း အင်ဆူလင်လိုအပ်ချက်နဲ့ အင်ဆူလင်အာနိသင် မဖူလုံတာ၊ နည်းတာတွေကြောင့် အဆီအဖြစ် မပြောင်းနိုင်ဘူး။ သွေးကြောထဲမှာပဲ အဆီတွေစုပါလေရော။ နဂိုက အချိုဓာတ်များနေပါတယ်ဆိုမှ အဆီတွေပါ စုလာတော့ အချိုဓာတ်တွေရော၊ အဆီဓာတ်တွေပါ သွေးကြောထဲ ပိုများလာပါရော။ (ဒါက ဒုတိယ နစ်နာချက်။ ပထမနစ်နာချက်ကြောင့် တစ်ဆက်တည်း ဒုတိယနစ်နာချက် ဖြစ်လာတာ။)

အသည်းနဲ့ ကြွက်သားတွေမှာ ဂလိုက်ကိုဂျင်အဖြစ်နဲ့ အသွင်ပြောင်းသိုလှောင်ထားတဲ့ ကစီဓာတ် (အချိုဓာတ်) ၅ရာခိုင်နှုန်းကျော်ကို ကလာပ်စည်းတွေ သုံးဖို့ရာပေးမယ် လုပ်ပြန်တော့လည်း ဆီးချိုသမားတွေမှာ အင်ဆူလင်က ကောင်းကောင်း အလုပ်လုပ်မပေးနိုင်၊ မလုံလောက်ပြန်တော့ သွေးကြောထဲမှာ အချိုဓာတ်တွေ ရောက်လာစုလာပြန်ပါရော။ (ဒါက တတိယနစ်နာချက်။ ပထမနစ်နာချက် သွေးကြောထဲ အချိုစု+ဒုတိယ သွေးကြောထဲ အဆီတွေစု+တတိယ အချို+အဆီ+အချိုတွေစု။)

ဒီလိုနစ်နာချက်တွေနဲ့တင် မပြီးသေးဘူး။ သွေးကြောထဲ အချိုဓာတ်တွေ၊ အဆီဓာတ်တွေများသထက် များလာတော့ သွေးကြောတွေက မခံနိုင်တော့ဘဲ ဝန်ပိလာတယ်။ မြင်သာအောင် ပြောရရင် ခံနိုင်ရည်ဝန်အား မမျှတော့တဲ့ လမ်းတံတားတွေလို ပေါက်ပြဲ၊ ချိုင့်ခွက်တွေ ဖြစ်လာသလိုမျိုး သွေးကြောတွေလည်း ပြဲတာ၊ ပေါက်တာ၊ ပိတ်တာတွေ ဖြစ်လာတယ်။

မျက်စိနဲ့ဆိုင်တဲ့ သွေးကြောမှာဖြစ်ရင် မျက်စိကွယ်မယ်၊ နှလုံးသွေးကြောမှာဖြစ်ရင် နှလုံးသွေးကြောပေါက်တာ၊ ပိတ်တာဖြစ်မယ်။ အာရုံကြောမှာဖြစ်ရင် အာရုံကြောတွေပျက်မယ်။ ကျောက်ကပ်မှာဖြစ်ရင် ကျောက်ကပ်ပျက်မယ်။ ဒီလိုနောက်ဆက်တွဲတွေ ဖြစ်လာနိုင်တယ်။ (ဒါပါ ထည့်ပြောရင် စတုတ္ထ နစ်နာချက်ပဲ။)

(ဆီးချို၊ သွေးချိုရောဂါကုဆရာဝန်တစ်ဦးနှင့် သူငယ်ချင်းတစ်ဦး ပြောပြချက်များကို ကိုးကားရေးသားပါသည်။ စကားချပ်)

**သက်ရှည်ကျန်းမာ စိတ်ချမ်းသာ**
**လိုအင်ဆန္ဒပြည့်ကြပါစေ။**

**မျိုးထက်**

# ပြည်ပဈေးကွက်ကိုသာ အားထားနေရသည့် မြန်မာ့ထောပတ်သီး Hass အမျိုးအစား ရာသီကုန်ဆုံး၍ တင်ပို့မှုရပ်နား

**မန္တလေး မတ် ၂၅**

ပြည်တွင်း၌ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်မှု အားနည်းခြင်းကြောင့် ပြည်ပဈေးကွက်ကိုသာ အဓိကအားထားနေရသည့် မြန်မာ့ထောပတ်သီးသည် လက်ရှိတွင် Hass အမျိုးအစား ရာသီချိန်ကုန်ဆုံးသွားပြီဖြစ်သည့်အတွက် ပြည်ပတင်ပို့မှုလုပ်ငန်းများ ရပ်နားသွားပြီဖြစ်သည်။

ပြည်တွင်း၌ ထောပတ်သီးအတွက်နှုန်းကောင်းမွန်သော်လည်း ပြည်ပဈေးကွက်မှီ အရည်အသွေးကောင်းမွန်သည့် အသီးနည်းပါးသောကြောင့် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားမျိုးစပ်ဖြစ်သည့် Hass အမျိုးအစားကို အဓိကထား စိုက်ပျိုးကာ ပြည်ပသို့ တင်ပို့နေခြင်းဖြစ်သည်။

ယခုနှစ် ထောပတ်သီး ဈေးကွက်အခြေအနေနှင့်ပတ်သက်၍ ကုန်သည်တစ်ဦးက 'အခုက Hass ထောပတ်သီးလည်း ကုန်ပြီ၊ မရှိတော့ဘူး။ ဒေသသီးတွေပဲ ရှိတော့တယ်။ ဒီနှစ်ဈေးကွက်ကတော့ အရှုံးအမြတ်မျှရင်းနဲ့ပဲ ပြီးသွားတာပါပဲ'ဟု လက်ရှိအခြေအနေကို သုံးသပ်ပြောကြားသည်။

ယခင်က မြန်မာ့ထောပတ်သီးကို ထိုင်းနိုင်ငံအပြင် အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ပါ တင်ပို့နိုင်ခဲ့သော်လည်း လက်ရှိတွင် ထိုင်းနိုင်ငံတစ်ခုတည်းသို့သာ အဓိကထားတင်ပို့လျက်ရှိသည်။

ပြည်တွင်းစားသုံးမှုအနေဖြင့်လည်း ထောပတ်သီးကို ဖျော်ရည်လုပ်ငန်းများတွင်သာ အဓိက အသုံးပြုနေကြပြီး အခြားတန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်မှုနှင့် စားသုံးမှုနည်းပါးနေသေးသည့်အတွက် ပြည်ပဈေးကွက်ကိုသာ အဓိကအားထားနေရခြင်းဖြစ်သည်။

မြန်မာ့ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံနှင့် လွိုင်လင်မြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါနှင့် နောင်ချိုမြို့နယ်များတွင်လည်းကောင်း အများဆုံး စိုက်ပျိုးကြသည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင်လည်း အများဆုံး၊ စိုက်ပျိုးလျက်ရှိသည်။

ယခုနှစ်တွင် Hass ထောပတ်သီးများ ရာသီချိန်ကုန်ဆုံးသွားပြီဖြစ်၍ ဈေးကွက်အတွင်း ဒေသသီးများသာ ကျန်ရှိတော့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀



# ဘုရား၊စေတီ၊ပုထိုးများပြုပြင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး မတ် ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမြင့်ပေ ၇၇၆ ပေ တွင် တည်ရှိပြီး တောင်ကိုးလုံးခြံရံလျက်ရှိသော မန္တလေးတောင်တော်ကြီးကို သက္ကရာဇ်(၁၀၁) ခုနှစ်မှစတင်ပြီး ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ဘုရား၊ တန်းဆောင်း၊ ဂူ၊ ကျောင်း၊ ပြသာဒ်များအား တည်ဆောက်ပြုလုပ်လှူဒါန်းကိုးကွယ်ခဲ့ကြသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်းပြသာဒ်များအား ဂေါပကအဖွဲ့မှကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ မတ် ၂၃ ရက် နံနက်ပိုင်းက ဆုတောင်းပြည့်ဘုရားရင်ပြင်တော် ဂုံးတစ်ဂုံး ပြုပြင်ရန် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်နေ ဦးစက်ငြေး+ဒေါ်အေးလှိုင်မိသားစုကငွေကျပ် ၁၂ သိန်းကိုလည်းကောင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ရန် ဦးအေးပို(ဒုတိယညွှန်ကြားရေးမှူး၊ လ၀က(ငြိမ်း)အား ရည်စူး၍ ဒေါ်အေးအေးစိုးမိသားစုက ငွေကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၄၅)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



ဒိုလိုဆီဂရာနူလမ်ပီဂရမ်(ခေါ်)ဘက်တီးရီးယားကြောင့် နာတာရှည်ကိုဗစ် ဆက်လက်ဖြစ်ပွားနိုင်ခြေလျော့နည်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးရှိ ကိုဗစ် ၁၉ ရောဂါကူးစက်ခံရသူများ၏ ၆ ရာခိုင်နှုန်းခန့် (လူဦးရေ သန်း ၄၀၀ နီးပါး)သည် ရောဂါလက္ခဏာများ နာတာရှည်ခံစားရသည့်အခြေအနေသို့ ကူးပြောင်းသွားကြကာ လူထုကျန်းမာရေးအတွက် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ခုအဖြစ် ဆက်လက်ရှိနေသည်။

၂၀၂၁ ခုနှစ် ကပ်ရောဂါကာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံရှိ လူဗိန်းတက္ကသိုလ်နှင့် စိန့်လုခ်တက္ကသိုလ်ဆေးရုံမှ သုတေသီများက ရောဂါပိုးစတင်ကူးစက်ခံရချိန်မှာပင် ရေရှည်လက္ခဏာများ ဖြစ်လာနိုင်ခြေ ရှိ၊ မရှိ ကြိုတင်ခန့်မှန်းနိုင်ရန် အကြီးစားသုတေသနတစ်ခုကို စတင်ခဲ့သည်။

ငါးနှစ်ကြာ သုတေသနပြုလုပ်ပြီးနောက်တွင် ထိုပညာရှင်များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အဏုဇီဝအစုအဖွဲ့ထဲတွင် သဘာဝအလျောက် ရှင်သန်နေထိုင်သည့် ဒိုလိုဆီဂရာနူလမ်ပီဂရမ်(ခေါ်)ဘက်တီးရီးယား၏ အရေးပါသော အခန်းကဏ္ဍကို ဖော်ထုတ်နိုင်ခဲ့သည်။

ထိုဘက်တီးရီးယားပမာဏ ပိုမိုများပြားစွာရှိနေခြင်းသည် နာတာရှည်ကိုဗစ်လက္ခဏာများ ဆက်လက်ဖြစ်ပွားနိုင်ခြေ လျော့နည်းခြင်းနှင့် ဆက်စပ်နေပုံကိုတွေ့ရှိခဲ့ကြောင်း သိရသည်။ SCI

## အင်ဒိုနီးရှား နာမည်ကြီးဝတ္ထုကို ပြန်လည်ရိုက်ကူးထားသည့် Tak Kenal Maka Taaruf




အင်ဒိုနီးရှားနိုင်ငံ၏ နာမည်ကြီးလူငယ်အချစ်ဝတ္ထုကို ပြန်လည်ရိုက်ကူးထားသည့် Tak Kenal Maka Taaruf မှာ အင်ဒိုနီးရှားစကားပုံဖြစ်သည့် မသိရင် မချစ်တတ်ဘူးဟု အဓိပ္ပာယ်ရကာ ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ခေတ်သစ်လူနေမှုစတိုင်လ်နှင့် ရိုးရာယဉ်ကျေးမှုကြားမှ ပဋိပက္ခများကို ချစ်စဖွယ်ရိုက်ကူးတင်ပြထားသည့် သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ခေတ်မီသော လူငယ်နှစ်ယောက်ကြားမှ ထူးဆန်းသည့် ဆက်ဆံရေးကို တင်ပြထားရာ မိဘချင်းသဘောတူ၍ ဖြစ်စေ၊ အခြေအနေတစ်ခုကြောင့်ဖြစ်စေ တရားဝင် လက်မထပ်မီ တစ်ယောက်အကြောင်းတစ်ယောက် သိရန် စနစ်တကျလေ့လာသည့် (Taaruf)ကို ပြုလုပ်ကြရသည်။

ခေတ်သစ်လူငယ်နှစ်ဦးဖြစ်၍ ရှေးဆန်သည့် နည်းလမ်းနှင့် အလွဲပေါင်းစုံကြုံခဲ့ရပုံကို ဟာသစွက်၍ တင်ပြထားသဖြင့် ပရိသတ်ကြား ရေပန်းစားခဲ့ကာ အားပေးမှုမြင့်မားစွာ ရရှိထားသည်။ (SKY)

## Dark Hallyu ဇာတ်ကားတွင် Black Pink အဖွဲ့ဝင်များ ပါဝင်

ကေပေါ့ပ် အနုပညာရှင် ဘလက်ပင့်ခ်အဖွဲ့ဝင် လေးဦး ပါဝင်ထားသည့် Dark Hallyu မှာ တစ်ပတ်အတွင်း ရုံတင်ဝင်ငွေ များစွာရရှိထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ကမ္ဘာတစ်ဝန်း၌ မသိရသည့် အမှောင်စွမ်းအားများ ပေါ်ထွက်လာပြီး မျက်နှာမဲ့ဝိညာဉ်များကြောင့် တစ်ဦးပြီးတစ်ဦးပျောက်ကွယ်ခဲ့ချိန်တွင် အန္တရာယ်ကို တိုက်ခိုက်ရန် လျှို့ဝှက်အဖွဲ့အဖြစ် မိန်းကလေး လေးဦးကို ရွေးချယ်ခဲ့သည်။

ယင်းမိန်းကလေး လေးဦးမှာ ဓားစွမ်းအား၊ မာယာအတတ်၊ လက်နက်ပစ်စွမ်းရည်နှင့် မမြင်ရသော အင်အားများ အသုံးပြုနိုင်သည့် အထူးတိုက်ခိုက်ရေးအဖွဲ့ဖြစ်ကာ အမှောင်စွမ်းအားများကို ဖန်တီးသည့် လူသားများနှင့်တိုက်ခိုက်ကြပုံကို ရိုက်ကူးထားသည်။

ဘလက်ပင့်ခ်အဖွဲ့ဝင် လေးဦးဖြစ်သည့် ရိုဇ်၊ ဂျင်နီ၊ လီဆာနှင့် ဂျီဆူးတို့ အထူးပါဝင်ထားကြပြီး ၂၀၂၆ ခုနှစ်တွင် ထွက်ရှိထားရာ ပရိသတ်ကြား ရေပန်းစား၍ ရုံတင်ဝင်ငွေ များစွာရရှိထားသည်။ (SKY)



## Ronny The Ruler သည် ကန်နာဒါ ရုပ်ရှင်မင်းသားကြီး၏ အက်ရှင်ဇာတ်ကားဖြစ်

ကန်နာဒါရုပ်ရှင်လောက၏ နာမည်ကြီးမင်းသား ကာရန်းရေဂျ် ပါဝင်ထားသည့် Ronny The Ruler မှာ အက်ရှင်ဇာတ်ကားကြီးဖြစ်ပြီး အားပေးမှုမြင့်မားစွာ ရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဉာဏ်ရည်ထက်မြက်သောသူတစ်ဦးက ဂိုဏ်းစတားလောကတွင် အုပ်ချုပ်သူဖြစ်လိုသော ဆန္ဒရှိကာ အားလုံးက သူ့ကို ပညာရှိလူမိုက်ဟု ခေါ်ကြသည်။

ဂိုဏ်းစတားလောကတွင် ထိပ်ဆုံးရောက်ရန်အတွက် အတားအဆီးများစွာကို ထိုးဖောက်ရန် ကြိုးစားရာမှ အားနည်းချက်ဖြစ်သည့် မိသားစုနှင့် ချစ်သူကို အသုံးချလာချိန်တွင် သူ့ဆန္ဒကို နောက်မဆုတ်ဘဲ ရင်ဆိုင်ဖြေရှင်းပုံကို အက်ရှင်ပုံစံအမျိုးမျိုးနှင့် မြင်တွေ့ရမည်ဖြစ်သည်။

ကာရန်းရေဂျ်မှာ ကန်နာဒါရုပ်ရှင်လောကတွင် နာမည်ကြီးသူဖြစ်ပြီး ပရိသတ်အားပေးမှု မြင့်မားစွာနှင့် ထိပ်တန်းအနုပညာရှင် စာရင်းဝင်တစ်ဦးဖြစ်သည်။ (SKY)


## Tian Xuning ကို Clear က ကုန်အမှတ်တံဆိပ် သံတမန်ခန့်အပ်

၂၀၂၆ ခုနှစ် အစောပိုင်းတွင် Clear က လူငယ်သရုပ်ဆောင် ထန်ရှီနင်းကို Youth Brand Ambassador အဖြစ် တရားဝင်ကြေညာခဲ့ပြီးနောက် စီးပွားရေးတန်ဖိုး ဆက်လက်မြင့်တက်လာခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုသည် ယခင်က လက်တွဲခဲ့သည့် Loreal, Paris Make up, Banmu Huatian နှင့် Burger King တို့၏ အောင်မြင်မှုများနှင့်အတူ ထန်ရှီနင်း၏ မြင့်တက်လာသော စီးပွားရေးတန်ဖိုးနှင့် ကိုက်ညီစွာဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ Clear Brand သည် ထိုထောက်ခံချက်မှတစ်ဆင့် တရားဝင်ဆံပင်ထိန်းသိမ်းမှု မိတ်ဖက်အဖြစ် ကြေညာမှုနှင့် တစ်ပြိုင်နက်ချိတ်ဆက်ကာ ပရော်ဖက်ရှင်နယ် ပြိုင်ကားနည်းပညာနှင့် ခေတ်မီလူငယ်စွမ်းအင်တို့ကို ပေါင်းစပ်ထားသည့် နှစ်ထပ်ဆက်သွယ်ရေး မက်ထရစ်တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။

ဈေးဝယ်စင်တာများတွင် လူငယ်များကြား ပျံ့နှံ့၍ အောင်မြင်မှုရရှိခဲ့ခြင်းမှာ ဖက်ရှင်ဆန်းသစ်မှုနှင့် စစ်မှန်သည့် ပြည့်စုံမှုတို့ ပေါင်းစပ်ထားသည့် ထန်ရှီနင်းကို ရွေးချယ်မှု မှန်ကန်ခဲ့၍ စီးပွားရေးတန်ဖိုးဆက်လက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ (SKY)




## Arirang အယ်လ်ဘမ်အကြောင်း ကိုရီးယားချန်နယ်မှ ထုတ်လွှင့်

လွန်ခဲ့သောနှစ်ပေါင်း ခြောက်ရာကျော် သမိုင်းကြောင်းရှိခဲ့သည့် ကိုရီးယားရိုးရာသီချင်း Arirang အယ်လ်ဘမ်အကြောင်းကို ကိုရီးယား Talk To Me in Korean ချန်နယ်မှ ထုတ်လွှင့်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသီချင်းများကို ကိုရီးယားရိုးရာအတိုင်း သီဆိုထားသည့် အထင်ရှားဆုံးသီချင်းဖြစ်ပြီး ဗားရှင်းပေါင်း ၃၆၀၀ ကျော်ရှိခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဘီတီအက်စ်အဖွဲ့က ဖျော်ဖြေရာတွင် အကျော်ကြားဆုံး ဗားရှင်း လေးခုကို ပေါင်းစပ်ခဲ့ကာ ချစ်ရသူတစ်ယောက်ကို လွမ်းဆွတ်မှုနှင့် ခွဲခွာခြင်းကို ကျော်လွှားနိုင်ရန် ခွန်အားပေးဖော်ပြပေးခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ရိုးရာသီချင်းကို ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့စေခဲ့သည်။

၁၈၉၆ ခုနှစ်တွင် အမေရိကန်မှ ကိုရီးယားလူငယ်ခုနစ်ဦးက ဓာတ်စက်နှင့် အသံသွင်း၍ ကမ္ဘာကို ပထမဆုံးအကြိမ် မိတ်ဆက်ပေးခဲ့ပြီး အသံဖိုင်သိမ်းဆည်းထားသည့် ဆလင်ဒါတွင် Love Song: Arirang ဟု တံဆိပ်တပ်ထားကြောင်း ထုတ်လွှင့်ပေးခဲ့သည်။ (SKY)


On March 20, BTS' new album ARIRANG broke the Apple Music record for the biggest K-Pop album, based on first-day streams worldwide.

## Michael B.Jordon က Sinners နှင့် အော်စကာဆု ရရှိ

(၉၈)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် Sinners ရုပ်ရှင်က ဆုများစွာ ရရှိခဲ့ရာ မိုက်ကယ် ဘီဂျော်ဒန်လည်း ပါဝင်ပြီး အကောင်းဆုံးဇာတ်ဆောင်ဆု အပါအဝင် လေးဆု ဆွတ်ခူးရရှိခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Sinners ရုပ်ရှင်က ဆုလေးဆုဆွတ်ခူးရရှိခဲ့ရာ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို မိုက်ကယ်ဘီဂျော်ဒန်၊ အကောင်းဆုံးနောက်ခံတေးဂီတဆု၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံပညာဆုနှင့် အကောင်းဆုံးမူရင်းဇာတ်ညွှန်းဆုကို ရိုင်ယန်ကိုလ်လာတို့က ရရှိခဲ့ကြသည်။

အကောင်းဆုံး ရုပ်ရှင်ဆု အပါအဝင် ဆုပေါင်းခြောက်ဆုကို One Battle After Another (Warner Bras)က ဆွတ်ခူး၍ Frankenstein က သုံးဆုကို အကောင်းဆုံးအဝတ်အစားဒီဇိုင်းဆု၊ မိတ်ကပ်၊ ဆံပင်ပုံစံဆုနှင့် ထုတ်လုပ်မှုဒီဇိုင်းဆု ရရှိခဲ့သည်။

နာမည်ကျော် K-pop Demon Hunters က အကောင်းဆုံးအန်နီမေးရှင်းဆုနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ဝင်တေးဆုနှစ်ဆု Avator: Frie & Ash, F1: The Movie, Weapons, Hamnet နှင့် Sentimental Value တို့က တစ်ဆုစီ ဆွတ်ခူးရရှိခဲ့ကြသည်။ (SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အစ္စရေးနိုင်ငံနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် လက်ဘနွန် ဝန်ကြီးချုပ် နာဝပ်ဖ်ဆလမ် ထောက်ခံ

**ဘေရွတ် မတ် ၂၅**

လက်ဘနွန်ဝန်ကြီးချုပ် နာဝပ်ဖ်ဆလမ်သည် အစ္စရေးနိုင်ငံနှင့် ဆွေးနွေးမှုများပြုလုပ်ရန်အတွက် ထောက်ခံပြောကြားခဲ့ပြီး လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာတို့ကို နှင်ထုတ်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် ဟစ်ဇ်ဘိုလာအဖွဲ့ကို လက်နက်ဖြုတ်သိမ်းရန် ၎င်း၏အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ထောက်ခံကြောင်း ဖော်ပြခဲ့ပြီး အဆိုပါအဖွဲ့သည် လက်ဘနွန်ကို ဒေသတွင်းစစ်ပွဲကြီးအတွင်းသို့ ဆွဲသွင်းခဲ့သည်ဟု ဆော်ဒီသတင်းစာ အယ်လ်ဟာဒက်စ်နှင့် ယမန်နေ့ကပြုလုပ်သောတွေ့ဆုံခန်းတွင် ပြစ်တင်ပြောဆိုသည်။

ဩဂုတ်လအတွင်းက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် လက်ဘနွန်ပြည်တွင်းစစ်ကို အဆုံးသတ်စေခဲ့သည့် ၁၉၈၉ ခုနှစ် တာအစ်ဖ်သဘောတူညီချက်အပေါ် အခြေခံခြင်းဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

လက်နက်ကိုင်ဆောင်ခွင့်ကို လက်ဘနွန်တပ်မတော်ကသာ တစ်ဦးတည်းမူပိုင် ကျင့်သုံးရန် အစိုးရ၏ ညွှန်ကြားချက်သည် ရှောင်လွှဲ၍မရသော ကိစ္စရပ်ဖြစ်ပြီး ဟစ်ဇ်ဘိုလာတို့၏ မကြာသေးမီက လုပ်ဆောင်ချက်များနှင့် သက်ဆိုင်ခြင်းမရှိဟု ၎င်းကထပ်လောင်းပြောကြားကြောင်း သိရသည်။



Mon

## စွမ်းအင်ဆိုင်ရာ အမျိုးသားအရေးပေါ်အခြေအနေ ကမ္ဘာပေါ်တွင် ဖိလစ်ပိုင် ပထမဆုံးထုတ်ပြန်ကြေညာ

**မနီလာ မတ် ၂၅**

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသော ပဋိပက္ခကို တုံ့ပြန်သည့်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် စွမ်းအင်ဆိုင်ရာ အမျိုးသားအရေးပေါ်အခြေအနေ ပထမဆုံးထုတ်ပြန်ကြေညာသည့် နိုင်ငံဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုင်ငံ၏ စွမ်းအင်ရရှိနိုင်မှုနှင့် တည်ငြိမ်မှုအပေါ် ကျရောက်လာနိုင်သော အန္တရာယ်ကို ကိုးကား၍ စွမ်းအင်လုံခြုံမှုကို ကာကွယ်ရန်အတွက် အမှုဆောင်အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ပြောကြားသည်။

အမေရိကန် - အစ္စရေးနှင့် အီရန်တို့အကြား ဖြစ်ပွားနေသော ပဋိပက္ခနှင့် အဓိကရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့သွားခြင်းတို့ကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် ရိုက်ခတ်မှုများ ဖြစ်ပေါ်စေပြီး လောင်စာဆီပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်စေခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ ရေနံလိုအပ်ချက်၏ ၉၈ ရာခိုင်နှုန်းကို ပင်လယ်ကွေ့နိုင်ငံများမှ တင်သွင်းနေရခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် အဆိုပါပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပြည်တွင်း၌ ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းများ နှစ်ဆကျော်မြင့်တက်လာကြောင်း သိရသည်။ Mon

## အီရန်နှင့် သံတမန်ရေးအရ ညှိနှိုင်းဆောင်ရွက်ပြီးနောက် ထိုင်းရေနံတင်သင်္ဘော ဘေးကင်းစွာ ဖြတ်သန်းလာနိုင်ခဲ့

**ဘန်ကောက် မတ် ၂၅**

ထိုင်းနိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား သံတမန်ရေးအရ ညှိနှိုင်းဆောင်ရွက်ပြီးနောက် ထိုင်းရေနံတင်သင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားကို ဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ခဲ့ပြီး ပိတ်ဆို့မှုကို ကျော်လွှားရန်အတွက် ငွေကြေးပေးဆောင်ရန် မလိုအပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဘန်ချက်ကော်ပိုရေးရှင်းပိုင် ရေနံတင်သင်္ဘောသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး စီဟာဆက် ဖောင်းကေတပ်နှင့် ထိုင်းနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးတို့အကြား အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ပြီးနောက် သီတင်းပတ်အစောပိုင်းတွင် အဆိုပါ မဟာဗျူဟာမြောက် ရေလမ်းကြောင်းကို ဖြတ်ကျော်ခဲ့ခြင်းဖြစ်သည်။

အကယ်၍ ထိုင်းသင်္ဘောများ အနေဖြင့် ရေလက်ကြားကို ဖြတ်သန်းရန် လိုအပ်ပါက ဘေးကင်းလုံခြုံစွာဖြတ်သန်းနိုင်ရေးအတွက် အကူအညီပေးနိုင်ခြင်း ရှိ၊ မရှိ မိမိအနေဖြင့် မေတ္တာရပ်ခံခဲ့ကြောင်း စီဟာဆက်က သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

အီရန်ဘက်က အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဟု ပြန်လည်ဖြေကြားခဲ့ပြီး ဖြတ်သန်းသွားလာမည့် သင်္ဘောအမည်များကို ပေးပို့ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

Mon



## မော်တော်ယာဉ်ထုတ်လုပ်ရေးဘက်သို့ ကူးပြောင်းလာသည့် ရှောင်မီကုမ္ပဏီ ပေါ်ရှေးတေကန်ပုံစံတူ ဆီဒန်ကားအမျိုးအစားဖြင့် ကမ္ဘာ့အာရုံစိုက်မှုရရှိ

**ပေကျင်း မတ် ၂၅**

တရုတ်နည်းပညာအမှတ်တံဆိပ်မှ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းသို့ ကူးပြောင်းလာသည့် ရှောင်မီကုမ္ပဏီသည် ပေါ်ရှေးတေကန်ပုံစံတူ ဆီဒန်ကားအမျိုးအစားဖြင့် ကမ္ဘာ့အာရုံစိုက်မှုကို ရရှိခဲ့ပြီး တရုတ်နိုင်ငံတွင် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့သည့်အပြင် ဖို့ဒ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဂျင်မ်ဖာလေကိုပင် အထင်ကြီးစေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရှောင်မီသည် လက်ရှိအခြေအနေတွင် ရောင့်ရဲနေသည့် အမှတ်တံဆိပ်မျိုးမဟုတ်ဘဲ ၎င်းတို့၏ အက်စ်ယူဆဲဗင်း ဆီဒန်ကားကို ဈေးကွက်အတွင်း ရောင်းချပြီး နှစ်အနည်းငယ်အကြာတွင်ပင် ပုံစံသစ်အဖြစ် မွမ်းမံခဲ့သည်။

ယခုသီတင်းပတ်နှောင်းပိုင်းတွင် စတင်ရောင်းချမည့် အက်စ်ယူဆဲဗင်းပုံစံသစ်ကို တရုတ်ယူကျူဘာအချို့က ပေကျင်းမြို့တွင် စမ်းသပ်မောင်းနှင်ခွင့် ရရှိခဲ့သည်။

အဆိုပါကားတွင် ရှောင်မီထုတ် ဆက်စပ်ပစ္စည်းများကို အသုံးပြုနိုင်ရန်အတွက် ဒက်ရှ်ဘုတ်ပေါ်တွင် ခရေ့စ်အိုဗာမော်ဒယ်လ်များကဲ့သို့ ဝက်အူဖြင့် တပ်ဆင်ရသည့် အပေါက်ငယ်များ ထည့်သွင်းထားသည်။

အတွင်းပိုင်း၌ အလွှာလိုက်မှန်များကို အသုံးပြုထားပြီး ဒက်ရှ်ဘုတ်နှင့် တံခါးအပေါ်ပိုင်းရှိ ပစ္စည်းအချို့ကိုလည်း နူးညံ့သည့် အထိအတွေ့ရှိသော ပစ္စည်းများဖြင့် ပြောင်းလဲတပ်ဆင်ထားကြောင်း သိရသည်။ Mon

## နျူအက်စထရာ အမေရိက ယာဉ်တန်းမှ အကူအညီများ ကျူးဘားနိုင်ငံအနေဖြင့် ယမန်နေ့က ကောင်းစွာလက်ခံရရှိ

**ဟာဗားနား မတ် ၂၅**

အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ကျော်လွှားနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ တက်ကြွလှုပ်ရှားသူများ စုပေါင်းစီစဉ်သည့် နျူအက်စထရာ အမေရိက ယာဉ်တန်းမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ကျူးဘားနိုင်ငံအနေဖြင့် ယမန်နေ့က ကောင်းစွာ လက်ခံရရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အကူအညီများသည် မက္ကဆီကိုနိုင်ငံ ပရိုဂရက်ဆိုဆိပ်ကမ်းမှ ယခင်အပတ်က ထွက်ခွာလာသည့် သင်္ဘောငယ်တစ်စီးဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ယမန်နေ့နံနက်အစောပိုင်းတွင် ဟာဗားနားဆိပ်ကမ်းသို့ ဆိုက်ကပ်ကာ အစားအသောက်၊ ဆေးဝါး၊ ဆိုလာပြားနှင့် စက်ဘီး စုစုပေါင်း ၁၄ တန်ခန့်ကို ကျူးဘားအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်သည်။

ယခင်အပတ်ကလည်း တက်ကြွလှုပ်ရှားသူများက လေကြောင်းမှတစ်ဆင့် ကုန်စည်ခြောက်တန်ကိုပေးပို့ခဲ့ပြီး ဆေးရုံများသို့ သွားရောက်လှူဒါန်းမှုကို ကျူးဘားနိုင်ငံပိုင် ရုပ်သံသတင်းများတွင် အလေးပေးထုတ်လွှင့်ခဲ့သည်။

ကျူးဘားသမ္မတ မီဂွယ်ဒီယက်ဇ်ကာနယ်သည် ဗြိတိန်လေဘာပါတီ ခေါင်းဆောင်ဟောင်း ဂျယ်ရမီကော်ဘင် အပါအဝင် ဥရောပနိုင်ငံရေးသမားများ ပါဝင်သော အဆိုပါအကူအညီပေးရေးအဖွဲ့ဝင်များကို မကြာသေးမီက သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။ Mon





## လမျက်နှာပြင်ပေါ်တွင် အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် လာမည့် ခုနှစ်နှစ်အတွင်း ဒေါ်လာ ဘီလီယံ ၂၀ အသုံးပြုသွားမည်

**ဝါရှင်တန် မတ် ၂၅**

လပတ်လမ်းကြောင်းရှိ အာကာသစခန်း တည်ဆောက်မည့် အစီအစဉ်ကို နာဆာအဖွဲ့က ဖျက်သိမ်း၍ လမျက်နှာပြင်ပေါ်တွင် အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် လာမည့် ခုနစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ အသုံးပြုသွားမည်ဖြစ်ပြီး အင်္ဂါဂြိုဟ်သို့ နျူကလီးယားစွမ်းအင်သုံးအာကာသယာဉ် စေလွှတ်မည့် အစီအစဉ်များကိုပါ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဝါရှင်တန်တွင် ပြုလုပ်သော အာတီမစ် စီမံကိန်းဆိုင်ရာ မိတ်ဖက်များ၊ ကန်ထရိုက်တာများနှင့် အစိုးရတာဝန်ရှိသူများ၏ အစည်းအဝေးတွင် အဆိုပါအပြောင်းအလဲများအကြောင်း နာဆာအုပ်ချုပ်ရေးမှူး ဂျာရက်အိုက်ဆက်မန်းက ယမန်နေ့တွင် ရှင်းလင်းပြောကြားသည်။



ယင်းအပြောင်းအလဲများသည် နာဆာ၏ ရေရှည်ဆောင်ရွက်မည့် လကမ္ဘာမှ အင်္ဂါဂြိုဟ်သို့ ခရီးစဉ်ဆိုင်ရာ မဟာဗျူဟာကို ပြန်လည်ပြင်ဆင်သည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ လအခြေစိုက်စခန်းသည် လမျက်နှာပြင်ပေါ်တွင် လူသားများ ရေရှည်နေထိုင်နိုင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ခြင်းဖြစ်ပြီး ယခုဆယ်စုနှစ်နှောင်းပိုင်းတွင် အာကာသယာဉ်မှူးများ ပြန်လည်မသွားရောက်မီ စက်ရုပ်မစ်ရှင်များက နယ်မြေပြင်ဆင်ခြင်း၊ နည်းပညာများ စမ်းသပ်ခြင်းနှင့် အခြေခံအဆောက်အအုံများ စတင်တည်ဆောက်ခြင်းတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Mon

## အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**ရပ်စောက် မတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့် အခွင့်အရေး ဥပဒေများနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိန်းမှုတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရန် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက ရပ်စောက်-ပင်းတယသွားလမ်းရှိ နောင်ဘိုဂိတ်၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ လက်ကမ်းစာစောင်တွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာဥပဒေများ၊ သုတေသနပြုလုပ်ဆောင်ရွက်ချက်များအရ အကြမ်းဖက်မှုများ၊ လူကုန်ကူးခံရမှုကြောင့် ရရှိနိုင်သော ဆိုးကျိုးများ၊ သက်ငယ်မုဒိန်းမှုနှင့် ပတ်သက်၍ သတိပြုရန်အချက်များပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဒေသခံပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*

*-*-*-*-*-*-*



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၅၃ မိုင် ၃ ဖာလုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်တွင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အုတ်တွင်းမြို့မှ တောင်ငူမြို့ဘက်သို့ အုတ်တွင်းမြို့နယ်၊ ကြက်သွန်ခင်း(၂)ရပ်ကွက်နေ ဝင်းမောင်(၇၃)နှစ်ဆိုသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေး(၆၃)နှစ်ဆိုသူ လိုက်ပါလာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းဖြတ်ကွေ့စဉ် တောင်ငူမြို့မှ အုတ်တွင်းမြို့ဘက်သို့ တောင်ငူမြို့နယ်၊ မင်းကြီးညိုရပ်ကွက်နေ ခွန်လွင်မိုး(၃၀)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဝေယံဖြိုး(၃၃)နှစ်ဆိုသူ လိုက်ပါလာသော TOYOTA HILUX VIGO မော်တော်ယာဉ်နှင့် ဝင်ရောက်တိုက်မိခဲ့၍ ဝင်းမောင်ဆိုသူမှ ထိခိုက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဒေါ်စန်းစန်းအေးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ခွန်လွင်မိုးနှင့် ဝင်းမောင်ဆိုသူတို့ နှစ်ဦးအား အုတ်တွင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မြို့နယ်အချို့တွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဆီဆိုင် မတ် ၂၅**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်းကိုးဧကခန့်အား ဖျက်ဆီးခဲ့သည်။



ဖြစ်စဉ်မှာ မတ် ၂၁ ရက် နံနက် ၉ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ပါလောပါကယ် ကျေးရွာအုပ်စု၊ လွယ်ဆံဆစ်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းလေးဧကခန့်အား လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ မိနစ် ၂၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လုံဟေးကျေးရွာအုပ်စု၊ လိုက်ကတူးကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၅ ဧက ခန့်အား လည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မုံရွာမြို့ဝန်းကျင်၌ ကိုင်းတောများ မကြာခဏမီးလောင်

**မုံရွာ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ဝန်းကျင်၌ မတ်လအတွင်း ကိုင်းတောများ မကြာခဏ မီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်နေရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အလုံ၊ စစ်ပင်ရပ်ကွက်၊ မန္တလာဘုန်းကြီးကျောင်းအနီးတွင် မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က ကိုင်းတောမီးလောင်နေရာ အလုံနယ်မြေမီးသတ်စခန်းမှ ငြိမ်းသတ်ခဲ့ရသည်။

ထို့အပြင် မုံရွာမြို့၊ စစ်ပင်ရပ်ကွက်၊ အောင်သာယာရပ်တွင် မတ် ၂၁ ရက် နံနက် ၉ နာရီက ကိုင်းမြက်ခြောက်များ မီးလောင်နေရာ အလုံနယ်မြေမီးသတ်စခန်းနှင့် စစ်ပင်အရန်မီးသတ်စခန်းတို့မှ သွားရောက်ငြိမ်းသတ်ခဲ့ရသည်။

မုံရွာမြို့၊ မုံရွာလေယာဉ်ကွင်းအနီးရှိ ကိုင်းတောတွင် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က မီးလောင်ခဲ့ရာ အလုံနယ်မြေမီးသတ်စခန်းနှင့် စစ်ပင်အရန်မီးသတ်တပ်ဖွဲ့တို့မှ ထွက်ခွာငြိမ်းသတ်ခဲ့ရသည်။

ထို့အပြင် မုံရွာလေဆိပ်အနီး ကိုင်းတောတွင် မတ် ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မီးလောင်နေရာ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ အလုံနယ်မြေ၊ စစ်ပင်အရန်၊ မြို့သစ်အရန်၊ ကန်သာဦးအရန်တို့မှ မီးသတ်ယာဉ်များ ထွက်ခွာငြိမ်းသတ်ခဲ့ရသည်။

မတ် ၁ ရက် မွန်းလွဲ ၃ နာရီခွဲခန့်ကလည်း မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ ကမ်းနားလမ်းအနီး ကိုင်းတောမီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့သစ်အရန်မီးသတ်တပ်ဖွဲ့က ထွက်ခွာငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

(၃၉၄)

*-*-*-*-*-*-*

## လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် ညနေ ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ စစ်ကိုင်းမြို့ဘက်သို့ စစ်ကိုင်းမြို့နယ်၊ ရွှေမင်းဝံရပ်ကွက်နေ ဖြိုးမောင်မောင်လွင်(၃၉)နှစ်ဆိုသူ မောင်းနှင်လာသည့် HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဖြိုးမောင်မောင်လွင် ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင်လည်းကောင်း၊ အလားတူ မတ် ၂၁ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က စစ်ကိုင်းမြို့နယ်၊ရွာထောင်ရပ်ကွက်၊ အသင်္ချာစောယွန်းအဝိုင်း၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဝိန်းမွန်းကျေးရွာနေ စိုင်းစိုးထွေး(၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် DONGFENG ၁၂ ဘီး မော်တော်ယာဉ်နှင့် မံစီမြို့နယ်၊မန်မွန်းကျေးရွာနေ သန်းဦး(၃၇)နှစ်ဆိုသူ မောင်းနှင်လာသည့် SH-ACMAN ၁၂ ဘီး မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိုင်းစိုးထွေးနှင့် သန်းဦးဆိုသူတို့ နှစ်ဦးအား စစ်ကိုင်းမြို့မရဲစခန်းတွင်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

## ဖလံဗိုလ်ကျေးရွာ၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**စဉ့်ကိုင် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဖလံဗိုလ်ကျေးရွာ၌ ပိုင်ရှင် ဦးဒီမိုရ်ငြိမ်း(၃၉)နှစ်ဆိုသူ၏ ပေ (၂၀×၂၀)၊ သွပ်မိုး၊ ထရံကာ၊ သစ်သားခင်း နှစ်ထပ်နေအိမ်တွင် မတ် ၂၂ရက် နံနက် ၄ နာရီ ၁၇ မိနစ်ခန့်က ဆေးလိပ်သောက်ပြီး မီးမငြိမ်းဘဲထားခဲ့ရာမှ အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် စဉ့်ကိုင်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၃၄ မိနစ်တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် ပေ(၂၀×၂၀)၊ သွပ်မိုး၊ ထရံကာ၊ သစ်သားခင်း နှစ်ထပ် နေအိမ်တစ်လုံး၊ (၂၇×၂၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ်တစ်လုံး၊ ပေ(၃၀×၂၀)၊ သွပ်မိုး၊ အုတ်ညှပ်၊ နံကပ် နှစ်ထပ်နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးဒီမိုရ်ငြိမ်းဆိုသူအား စဉ့်ကိုင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပန်းချီဆရာမ K.T.Zin ၏ (၅)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ "Ho' oponopono" ကျင်းပ

**မန္တလေး မတ် ၂၅**

မန္တလေးမြို့ အခြေစိုက် ပန်းချီဆရာမ ခင်သော်ဇင် K.T.Zin ၏"Ho' oponopono" အမည်ရှိ (၅)ကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့၊ ၇၉လမ်း၊ ၂၇လမ်းနှင့် ၂၈ လမ်းကြားရှိ နမ္မတီးအနုပညာပြခန်း (Namti Art Gallery) တွင် စတင်ကျင်းပလျက်ရှိသည်။



အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာမ K.T.Zin က မိမိကိုယ်မိမိ ယုံကြည်မှု၊ ချစ်ခြင်းနှင့် သဘာဝတရားတို့အကြား ပြန်လည်ညှိနှိုင်းခြင်းအဓိပ္ပာယ်ဆောင်သည့် ဟာဝိုင်ယီကျွန်းသားများ၏ ရှေးရိုးအစဉ်အလာ ဆုတောင်းစကား "Ho' oponopono" ကို အခြေခံ၍ ၎င်း၏ အနုပညာခံစားချက်များကို Abatract ပုံစံဖြင့် ရေးဆွဲတင်ဆက်ထားခြင်းဖြစ်သည်။

ပန်းချီဆရာမ K.T.Zin သည် ၂၀၀၄ ခုနှစ်တွင် Htan Yeak Nyo Art Studio ၌ ပန်းချီပညာကို စတင်သင်ယူခဲ့ပြီး "My Self", "Artist Life Story", "Art & Love in Spring"အစရှိသည့် တစ်ကိုယ်တော်ပြပွဲများအပြင် ပြည်တွင်း၊ ပြည်ပ အုပ်စုလိုက် ပန်းချီပြပွဲများစွာတွင် ပါဝင်ပြသခဲ့သူတစ်ဦးလည်း ဖြစ်သည်။

ယခုပြပွဲကို မန္တလေးမြို့၊ ၇၉ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ (ကောင်းကျော်ကဖေး အပေါ်ထပ်) နမ္မတီးအနုပညာပြခန်းတွင် မတ် ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ အဆိုပါပြပွဲသို့ စာရေးဆရာ ဆူငှက် အပါအဝင် မန္တလေးမြို့အခြေစိုက် အနုပညာရှင်များနှင့် ပန်းချီချစ်မြတ်နိုးသူများ တက်ရောက်အားပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**



# ပခုက္ကူမြို့၌ ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ(တတိယနေ့)ဆက်လက်ဖြေဆို

**ပခုက္ကူ မတ် ၂၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲ(တတိယနေ့)ကို ယနေ့မွန်းတည့် ၁၂ နာရီက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရိပ်သာလမ်းရှိ ပရိယတ္တိဗိမာန်(နှစ်ထပ်စာဖြေဆောင်)၌ ဆက်လက်ဖြေဆိုကြသည်။ **(အပေါ်ပုံ)**

အဆိုပါစာမေးပွဲတွင် (ပခုက္ကူစာဖြေဌာန)မှ ဖြေဆိုမည့် စာရင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင် ၅၂ ပါးရှိပြီး ယနေ့(တတိယနေ့)တွင် ကျမ်းရင်း-သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(၁) ကျင်းပရာ ကြွရောက်ဖြေဆိုသူ ၄၁ပါးရှိကြောင်း၊ အစိုးရဓမ္မာစရိယ စာမေးပွဲ ကျမ်းရင်းဘာသာရပ်များကို မတ် ၂၃ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ မြန်မာဂုဏ်ထူးကို မတ် ၂၉ ရက်တွင်လည်းကောင်း၊ ပါဠိဂုဏ်ထူးကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲများကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၄၀)**



# လူမှုအထောက်အပံ့ပေးရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မတ် ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ စိတ်ကျန်းမာရေးနှင့် လူမှုအထောက်အပံ့ပေးရေးဆိုင်ရာ ဆွေးနွေးပွဲကို အ.ထ.က (၃) ကျောင်းတွင် မတ် ၂၄ ရက်က ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မဟာအောင်မြေမြို့နယ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှင့် တာဝန်ခံ ဆရာ၊ ဆရာမများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးက အနီးကပ်ကြီးကြပ်၍ သင်တန်းနည်းပြ ငါးဦးဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၄ ရက်မှ ၂၈ ရက်အထိ တစ်ရက်ခြား ပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၆၆ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အောင်ဇော်မင်း**

# မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်မှ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြင်းခြံ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၃)ရပ်ကွက်မှ မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ပေးအပ်ခဲ့သည်။

မတ် ၁၉ ရက် နံနက်ပိုင်းက မီးလောင်မှုကြောင့် နေအိမ်များ ပျက်စီးသွားသည့် အိမ်ထောင်စု ခုနစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးပါ ပုံးခုနစ်ပုံး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေ စုစုပေါင်း ငွေကျပ် ၉၄၅၀၀၀ အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်းနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ မီးဘေးသင့်အိမ်ထောင်စုများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၃၆၆)**



**ဆိုင်ကယ်စီးလျှင်**
**ဦးထုပ်ဆောင်းပြီး**
**မေးသိုင်းကြိုး**
**သေချာစွာတပ်ပါ။**

# (RBF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ပွင့်ဖြူ မတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု၊ စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ထိန်စမ်းဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌွေးမောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ထိန်စမ်းဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ထိန်စမ်းဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

စံပြကျေးရွာ၌ ထိန်စမ်းဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၄၀ အား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး အသင်းသား၊ အသင်းသူ ၂၀ ဦးက ဆိတ်အကောင်ရေ ၃၆ ကောင် မွေးမြူဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အောက်ပုံ)**

**(၄၄၅)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ပြင်ဦးလွင် မတ် ၂၅**

ပြည်သူများ လမ်းအသုံးပြုရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ ကျဆင်းစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ညနေ ၅ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ မန္တလေး-လားရှိုးလမ်း၊ DK Delivery Service Center ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီးအေးစိုး(ဇင်ယော်)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ "ချစ်တတ်သူတွေ အသက်ရှည်ပါစေ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ယာဉ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲသို့ ပြင်ဦးလွင်မြို့ DK Delivery Serviceမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**






## အယ်လ်ဖွန်ဆိုဒေးဗီးစ်ကို ခေါ်ယူရန် မန်ယူအသင်း စီစဉ်

**လန်ဒန် မတ် ၂၅**

မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ



၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၉ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။**(အောက်ဝဲပုံ)**

နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ် ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လရောက်ကစားလိုကြောင်းထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ အယ်လ်ဖွန်ဆိုဒေးဗီးစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်

**မိုင်ယာမီ မတ် ၂၅**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Alex Michelsen အား ၇-၅၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် အမေရိကန်တင်းနစ်ကစားသမား Frances Tiafoe တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)





## ဂရစ်ဇ်မန်းကို အော်လန်ဒိုစီးတီးအသင်း ခေါ်ယူ

**လန်ဒန် မတ် ၂၅**

မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အော်လန်ဒိုစီးတီးအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်(၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပြီးနောက် ဇူလိုင်လရောက်မှသာ အော်လန်ဒိုစီးတီးအသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။

အော်လန်ဒိုစီးတီးအသင်း၏ ထုတ်ပြန်ချက်တွင် "ဂရစ်ဇ်မန်းကို ခေါ်ယူနိုင်ခြင်းက အသင်းအတွက်သာမက ပရိသတ်တွေအတွက်လည်း အရေးပါတဲ့အခိုက်အတန့်တစ်ခုပါပဲ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)

## ဆာလာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဟု လီဗာပူးအသင်း အတည်ပြု

**လန်ဒန် မတ် ၂၅**

တိုက်စစ်မှူး ဆာလာသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း လီဗာပူးအသင်းမှ အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများအပြင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃၅ ပွဲ ကစားပြီး ၂၅၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လီဗာပူးအသင်း၏ ထုတ်ပြန်ချက်တွင် "ဆာလာ ယခုနှစ်ဘောလုံးရာသီအကုန်မှာ အသင်းမှ ထွက်ခွာတော့မှာပါ။ သူဟာ အသင်းအတွက် အမြဲအမှတ်တရရှိနေမယ့် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။ (အောက်ပုံ)

(NGB)



## နေသန်တဲလ်လာ လေဗာကူဆင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် မတ် ၂၅**

လေဗာကူဆင်အသင်းသည် အသင်း တောင်ပံကစားသမား နေသန်တဲလ်လာအား ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နေသန်တဲလ်လာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဂရင်းဝုဒ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**ပါရီ မတ် ၂၅**

မာဆေးလ်အသင်းတိုက်စစ်မှူး ဂရင်းဝုဒ်သည် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တ အနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည်



မာဆေးလ်အသင်းကို လိုင်လီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**

တိုက်စစ်မှူး ဂရင်းဝုဒ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မာဆေးလ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄ ပွဲကစားပြီး ၄၇ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် ပရိသတ် ၁၀၀၀၀၀ ဝင်ဆံ့မည့် ကွင်းအသစ်ကို လာမည့် ခြောက်နှစ်အတွင်း ဖွင့်လှစ်နိုင်ရန် မျှော်မှန်းလျက်ရှိသည်။

* အာဆင်နယ်အသင်း နောက်ခံကစားသမား ဂါဘရီရယ်လ်သည် ညာဘက်ဒူးဒဏ်ရာကြောင့် ဘရာဇီးလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

(NGB)

### ၂၀၂၇ အာရှဖလားခြေစစ်ပွဲ(တတိယအဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၆-၃-၂၀၂၆<br>ညနေ ၄း၃၀ နာရီ | အာဖဂန်နစ္စတန် - မြန်မာ |

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့် (ဥရောပဇုန် Play-Offs ဆီမီး)ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၆-၃-၂၀၂၆<br>ည ၁၁း၀၀ နာရီ | တူရကီ - ရိုမေးနီးယား | တူရကီ ၀-၁ ရိုမေးနီးယား<br>ရိုမေးနီးယား ၀-၂ တူရကီ [illegible] |
| ၂၇-၃-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | ချက် - အိုက်စလန် | —— |
| ။ | ဒိန်းမတ် - မြောက်မက်ဆီဒိုးနီးယား | —— |
| ။ | အီတလီ - မြောက်အိုင်ယာလန် | အီတလီ ၂-၀ မြောက်အိုင်ယာလန်<br>မြောက်အိုင်ယာလန် ၀-၀ အီတလီ |
| ။ | ပိုလန် - အယ်ဘေးနီးယား | ပိုလန် ၁-၀ အယ်ဘေးနီးယား<br>အယ်ဘေးနီးယား ၂-၀ ပိုလန် |
| ။ | ဆလိုဗက်ကီးယား - ကိုဆိုဗို | —— |
| ။ | ယူကရိန်း - ဆွီဒင် | ယူကရိန်း ၂-၁ ဆွီဒင်<br>ဆွီဒင် ၁-၂ ယူကရိန်း |
| ။ | ဝေးလ် - ဘော့စနီးယား | ဝေးလ် ၀-၀ ဘော့စနီးယား<br>ဘော့စနီးယား ၂-၀ ဝေးလ် |

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့် (ကွန်ဖက်ဒရေးရှင်း Play-Offs ဆီမီး)ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၇-၃-၂၀၂၆<br>နံနက် ၄း၃၀ နာရီ | ဘိုလီးဗီးယား - ဆူရီနိမ်း |
| ၂၇-၃-၂၀၂၆<br>နံနက် ၉း၃၀ နာရီ | နယူးကာယ်လီဒိုးနီးယား - ဂျမေကာ |

### ၂၀၂၆-၂၇ နေရှင်းလိဂ် အုပ်စုဝင်ခွင့် (Play-Offs) ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၆-၃-၂၀၂၆<br>ည ၁၁း၃၀ နာရီ | ဂျီဘရော်လ်တာ - လတ်ဗီယား | ဂျီဘရော်လ်တာ ၁-၃ လတ်ဗီယား<br>လတ်ဗီယား ၃-၁ ဂျီဘရော်လ်တာ |
| ။ | မော်လ်တာ - လူဇင်ဘတ် | မော်လ်တာ ၀-၁ လူဇင်ဘတ်<br>လူဇင်ဘတ် ၀-၁ မော်လ်တာ |

## သုတေသနအစီရင်ခံစာပြုစုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ညောင်ဦး မတ် ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက် နံနက် ၉ နာရီက လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သုတေသနအစီရင်ခံစာ ပြုစုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမြင့်ခိုင်၊ ခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်း၊ ခရိုင်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းလတ်၊ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းဦးလှိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သုတေသနအစီရင်ခံစာ ပြုစုထားသည့် အစီရင်ခံစာများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြရာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၄၈၁)

## အခြေခံကွန်ပျူတာသင်တန်း(အခမဲ့) ဖွင့်လှစ်

မြင်းခြံ မတ် ၂၅

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre (လူထုအခြေပြုဗဟိုဌာန)ခန်းမ၌ အခြေခံကွန်ပျူတာသင်တန်း(အခမဲ့)ကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

"နွေရာသီ ကျောင်းပိတ်ရက်များတွင် အခြေခံပညာအလယ်တန်း ကျောင်းသား၊ ကျောင်းသူများ အသိပညာ၊ အတတ်ပညာ ဗဟုသုတ တစ်ခုခုရရှိစေရန် ရည်ရွယ်ပြီးတော့ ကျွန်မတို့ မြင်းခြံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးဆောင်ပြီး အခြေခံကွန်ပျူတာသင်တန်း (အခမဲ့)ကို အခမဲ့ဖွင့်လှစ်ပေးခြင်း ဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြောသည်။

"နည်းပညာဖွံ့ဖြိုးတိုးတက်နေတဲ့ခေတ်မှာ ကွန်ပျူတာကို ကလေးများ အသုံးပြုတတ်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းခွင်တော်တော်များများမှာလည်း ကွန်ပျူတာနဲ့ အလုပ်လုပ်ရတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်။ ကွန်ပျူတာအခြေခံကို သိရှိနားလည်ကာ ကွန်ပျူတာနှင့်သက်ဆိုင်ပြီး မိမိတို့ဝါသနာပါသည့် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်၊ နွေရာသီကျောင်းပိတ်ရက်များမှာ ကျောင်းသား၊ ကျောင်းသူများ အချိန်ကို လစ်ဟာမှုမရှိစေဘဲ အတတ်ပညာတစ်ခုခုတတ်မြောက်စေရန် ရည်ရွယ်ပြီး ကွန်ပျူတာအခြေခံကို သင်ကြားပေးခြင်း ဖြစ်ကြောင်း" သင်တန်းနည်းပြ ဦးကျော်စွာဟိန်းက ပြောသည်။

အဆိုပါ နွေရာသီ အခြေခံကွန်ပျူတာ သင်တန်းကို မတ် ၂၃ ရက်မှ ဧပြီ ၁ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး သင်ကြားလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၃၆၆)



## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ်ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်းရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

## နွေရာသီကျောင်းပိတ်ရက်၌ အချိန်ကိုအကျိုးရှိစေရေး စာစီစာကုံးရေးသားနည်း သင်တန်းဖွင့်လှစ်

ကျောက်ဆည် မတ် ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်၌ အချိန်ကို အကျိုးရှိစေရေး ကျောင်းသား၊ ကျောင်းသူများ စွမ်းရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စာစီစာကုံးရေးသားနည်းသင်တန်းကို မတ် ၂၃ ရက် နံနက် ၉ နာရီက အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူ လူငယ်များ အရေးစွမ်းရည်မြင့်မားရေး၊ တွေးခေါ်မှုစွမ်းရည်မြင့်မားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ကောင်းမွန်ပြည့်စုံသည့် စာစီစာကုံးတစ်ပုဒ် ရေးသားတတ်ရန် စာစီစာကုံးရေးသားနည်း သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဦးမန်းခင် (ကျောက်ဆည်)က စာစီစာကုံးရေးသားရာ၌ သရုပ်ဖော်ရေးသားခြင်း၊ အကြောင်းအကျိုးဖော်ပြရေးသားခြင်း၊ အတွေးအခေါ်ဖြင့် ရေးသားဖော်ပြခြင်း စသည့် စာစီစာကုံး ရေးသားနည်းများကို ရှင်းလင်းပြောကြားခဲ့ပြီး စာစီစာကုံးရေးသားနည်းကို သင်ကြားခဲ့သည်။ (အောက်ပုံ)

စာစီစာကုံးရေးသားနည်းသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးတက်ရောက်ခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထက်ထက်
(ကျောက်ဆည်)



## ထိုင်းနိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာသီးနှံပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်

မန္တလေး မတ် ၂၅

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မေလအတွင်း ကျင်းပမည့် "ASIA Fruit Logistica 2026 South East Asia Meet Up" နိုင်ငံတကာသီးနှံပြပွဲတွင် မြန်မာနိုင်ငံမှ သီးနှံတင်ပို့လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း (MF-VP) မှ သိရသည်။

အဆိုပါ ပြပွဲကို Global Produce Event (HK) ကုမ္ပဏီမှ ကြီးမှူးကျင်းပမည်ဖြစ်ပြီး မေ ၁၈ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ JW Marriott Hotel တွင် ကျင်းပသွားမည်ဖြစ်သည်။**(အောက်ဝဲပုံ)**



ပြပွဲသည် နှစ်စဉ် ကမ္ဘာတစ်ဝန်းမှ သီးနှံတင်ပို့ရောင်းချသူများ ၃၀၀ မှ ၄၀၀ ကျော် ပါဝင်တက်ရောက်လေ့ရှိသည့် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှဒေသအတွင်း စိုက်ပျိုးရေးနှင့် သီးနှံကုန်သွယ်ရေးကဏ္ဍအတွက် အရေးပါသည့် အခမ်းအနားတစ်ရပ်ဖြစ်သည်။

ယခုနှစ်တွင် MFVP အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပါဝင်ခွင့်ရရှိထားပြီး အသင်း၏ အမှတ်တံဆိပ်ကို အသုံးပြုကာ အသင်းဝင် လုပ်ငန်းရှင်များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ပြသနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုများ တိုးချဲ့နိုင်ခြင်း၊ မိမိတို့ လုပ်ငန်းများကို ကမ္ဘာ့ဈေးကွက်သို့ မိတ်ဆက်နိုင်ခြင်းနှင့် အရောင်းအဝယ် အခွင့်အလမ်းအသစ်များ ရှာဖွေနိုင်ခြင်းတို့ကို ရရှိနိုင်မည်ဖြစ်ကြောင်း MFVP ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(မန္တလေးနေ့စဉ်-၈)**



# နွေရာသီသင်တန်းများဖွင့်ပွဲ ကျင်းပ

**သရက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ နွေရာသီသင်တန်းများ ဖွင့်လှစ်ခြင်းကို မတ် ၂၃ ရက် နံနက် ၉ နာရီခွဲက ခရိုင် ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ ဖိတ်ကြားထား သည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ခရိုင်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့် အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရနှင့် ပညာရေး ဝန်ကြီးဌာနသည် စွမ်းရည်ထက် မြက်သော လူ့စွမ်းအားအရင်း အမြစ်များ ပေါ်ထွန်းရေးကို အစဉ် တစိုက် ဆောင်ရွက်ပေးခြင်းဖြစ်၍ အနာဂတ်ကို ဦးဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ အပါအဝင် ဗလငါးတန်ဖွံ့ဖြိုးရေး အတွက်လည်း ဆောင်ရွက်ပေး လျက်ရှိကြောင်း ပြောကြားခဲ့ပြီး ခရိုင်ပညာရေးမှူး ဦးစိုးနိုင်က နွေရာသီသင်တန်းဖွင့်လှစ်ခြင်း နှင့် ပတ်သက်၍ ပြောကြားခဲ့ သည်။ **(အပေါ်ပုံ)**

ထို့နောက် သရက်ခရိုင် အားကစားနှင့်ကာယပညာဦးစီး ဌာန ခရိုင်ဦးစီးမှူးက နွေရာသီ သင်တန်းများဖွင့်လှစ်ရခြင်း ရည် ရွယ်ချက်ကို ပြောကြားခဲ့ပြီး ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းက နွေရာသီသင် တန်း ဘောလုံး၊ ဖူဆယ်နှင့် မြန်မာ့ သိုင်းသင်တန်းများအတွက် ဝတ်စုံ ထောက်ပံ့စရိတ်နှင့် အားကစား ပစ္စည်းများကို ပေးအပ်ခဲ့ကာ ခရိုင်မိခင်ကလေးစောင့်ရှောက် ရေးအသင်းဝင် ဒေါ်မင်းဖုံကွန့်က နွေရာသီယဉ်ကျေးလိမ္မာ သင်တန်း သား၊ သင်တန်းသူများအတွက် နေ့စဉ် အာဟာရကျွေးမွေးရန် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စော်ထက်(သရက်)**

## အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နိုင်ရန် လုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးလျက်ရှိပါသည်။ လိုင်စင် သက်တမ်းသည် လိုင်စင်ထုတ်သည့်ရက်မှစတင်၍ အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းဖြစ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် (၁-၄-၂၀၂၆)ရက်မှ (၃၁-၃-၂၀၂၇)ရက်အထိ တစ်နှစ် သက်တမ်းရှိသော လုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် စည်ပင်သာယာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းလိုင်စင်နှင့် စီးပွားရေးအမှိုက်သိမ်းဆည်းခ(ဟိုတယ်/ ဆေးရုံ၊ ဆေးခန်း)များကို ခေတ်နှင့်လျော်ညီသော နှုန်းထားဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသဖြင့် ပြင်ဆင်သတ်မှတ်ထားသော လိုင်စင်ခနှုန်းများအတိုင်း ပေးဆောင်ရန်နှင့် အသေးစိတ်သိရှိလိုပါက မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# မြေသားမိုးရေလှောင်ကန်ကြီးအား ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် ပြုပြင်တူးဖော်ဆောင်ရွက်

**ညောင်ဦး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပနီတွင်းကျေးရွာ ရှိ မြေသားမိုးရေလှောင်ကန်ကြီး အား ဒေသခံပြည်သူများနှင့် ကျေး ငှက်တိရစ္ဆာန်များအတွက် သောက် သုံးရေဖူလုံစေရန်ရည်ရွယ်၍ ပုဂံ မြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ပရဟိတ လူမှုရေးအသင်းအဖွဲ့များက ကျေး ရွာနေပြည်သူများနှင့်ပူးပေါင်း၍ မတ် ၂၀ ရက်မှစတင်၍ စက် ယန္တရားများဖြင့် ပြုပြင်တူးဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်ဦးမြို့နယ်၊ ပနီတွင်း ကျေးရွာရှိ မြေသားမိုးရေလှောင် ကန်ကြီးမှာ နှစ်ကာလကြာမြင့် ပြီဖြစ်၍ သစ်ပင်ချုံနွယ်များ၊ ရွှံ့၊ နုန်း၊ သဲများဖြင့် ဖုံးလွှမ်းကာ ရေဝင်ဧရိယာများ တိမ်ကောနေ ခြင်းကြောင့် ကျေးရွာနေပြည်သူ များနှင့် ကျေးငှက်တိရစ္ဆာန်များ သောက်သုံးရေဖူလုံစေရေးအတွက် မိုးရေစုဆောင်းခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင်ဂေဟစနစ် သာယာ စိမ်းလန်းစိုပြည်စေရန် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ပရဟိတ လူမှုရေးအသင်းအဖွဲ့များက စေတနာ အလှူရှင်များ၏ပံ့ပိုးမှုဖြင့် ကျေးရွာ သူ၊ ကျေးရွာသားများနှင့်ပူးပေါင်း ၍ မြေသားမိုးရေလှောင်ကန်ကြီး ပရိဝုဏ်အတွင်း၊ အပြင်ရှိ သစ်ပင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဝင်ဧရိယာ ကျယ်ဝန်းစေရန် အတွက် စက်ယန္တရားများဖြင့် ကန်အတွင်းရှိ သဲ ၊ နုန်း၊ ရွှံ့၊ နွံ များ ဆယ်ယူရှင်းလင်းခြင်း(ကန် တူးဖော်ခြင်း)၊ ကန်အတွင်း ရေဝင် ရောက်မှု ပိုမိုကောင်းမွန်စေရန် ရေမြောင်းတူးဖော်ခြင်း စသည့် ကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း များကို စုပေါင်းဆောင်ရွက်လျက် ရှိသည်။

အဆိုပါမြေသားမိုးရေလှောင် ကန်ကြီး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပနီတွင်း ကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေး ရွာ နှစ်ရွာ၊ တဲတိုက် နှစ်ခုတို့မှ စုစုပေါင်း အိမ်ထောင်စု ၄၅၀ စု မှ ကျေးလက်နေပြည်သူများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားရှိ သော ကျွဲ၊ နွားတိရစ္ဆာန်များအပြင် ကျေးငှက်တိရစ္ဆာန်များအတွက် ပါ သောက်သုံးရေဖူလုံစေမည် ဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးမှ ကုသိုလ်ပါဝင်လှူဒါန်းလိုသော စေတနာအလှူရှင်များအနေဖြင့် ကန်တူးဖော်ရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ဘက်ဟိုး၊ မြေသယ်ကားများအတွက် ၄ား ရမ်းခ တစ်နာရီလျှင် ငွေကျပ် တစ်သိန်းနှုန်း လှူဒါန်းနိုင်ကြောင်း ပုဂံမြို့ ရတနာဘုံစံတောရဓမ္မ ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သာဂရက မိန့်ကြားသည်။

ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် ဆရာ တော် ဘဒ္ဒန္တသာဂရ ဦးဆောင် သော ပရဟိတလူမှုရေးအသင်း အဖွဲ့များက ပုဂံညောင်ဦးဒေသရှိ ကျေးလက်နေပြည်သူများ သောက် သုံးရေ ဖူလုံစေရန်အတွက် နှစ်စဉ် ပွင့်လင်းရာသီချိန်ရောက်တိုင်း ရေသယ်ယာဉ်များဖြင့် ရေလှူဒါန်း ပေးခြင်း၊ ကျေးရွာ၊ တဲတိုက်များ ရှိ ချို့ယွင်းပျက်စီးနေသော စက် ရေတွင်းများအား ကောင်းမွန် အောင် ပြုပြင်ခြင်း၊ မြေသားမိုး ရေလှောင်ကန်များကို မိုးရေ ပိုမို စုဆောင်းနိုင်ရန် ပြုပြင်တူးဖော် ခြင်းတို့ကို စေတနာအလှူရှင်များ ၏ ပံ့ပိုးမှုဖြင့် ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**





# လမ်းလျှောက်သကြံန်ဖွင့်ပွဲ၊ ပိတ်ပွဲအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းအတွင်း ကျင်းပမည့် လမ်းလျှောက်သကြံန်ဖွင့်ပွဲ၊ ပိတ်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပ ရာ လမ်းလျှောက်သကြံန်ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဖျော်ဖြေရေးဆပ်ကော် မတီဥက္ကဋ္ဌ ဒေါ်ရည်မွန်သူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးစံထွေးမောင်က ဖျော် ဖြေရေး အစီအစဉ်များနှင့်ပတ်သက် ၍ ထပ်ဆင့်ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ တက်ရောက် လာသည့် စင်တင်တေးဂီတအဖွဲ့ သားများ၊ စားသောက်ဆိုင်လုပ် ငန်းပိုင်ရှင်များက နေ့အလိုက် တီးခတ်ဖျော်ဖြေမည့် အစီအစဉ် များအား ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**



# အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ အားဆေးနှင့် သန်ချဆေးများ အခမဲ့တိုက်ကျွေး

**ကျောက်ပန်းတောင်း မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်း တောင်းမြို့နယ်၌ မြို့နယ်ပြည် သူ့ကျန်းမာရေးဦးစီးဌာန၏ အစီ အစဉ်ဖြင့် အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဗီတာမင်အေ အားဆေးနှင့် သန် ချဆေး တိုက်ကျွေးခြင်းများကို မတ် ၂၄ ရက် နံနက် ၉ နာရီက စံပြရပ်ကွက် ဆွမ်းလောင်းမှော်ရုံ တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာကျော်ထူးမြတ် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်း ဆရာမများက အသက် ခြောက် လမှ ငါးနှစ်အထိ ကလေးငယ် များအား ဗီတာမင်အေ အားဆေး တိုက်ကျွေးခြင်းနှင့် အသက် နှစ် နှစ်မှ ငါးနှစ်အထိ ကလေးငယ် များအား သန်ချဆေး တိုက်ကျွေး ခြင်းများကို ရပ်ကွက်အလိုက် လှည့်လည်၍ အခမဲ့ဆောင်ရွက် ပေး လျက်ရှိရာ နံနက်ပိုင်းတွင် စံပြရပ်ကွက်၌ ဆောင်ရွက်ပေး ခဲ့ပြီး မွန်းလွဲပိုင်းတွင် ဘူတာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ပေးခဲ့သည်။(ဓါပုံ)

အဆိုပါ ကာကွယ်ဆေး အခမဲ့ တိုက်ကျွေးခြင်းများကို ရပ်ကွက်၊ ကျေးရွာအလိုက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ် ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည် များကို ပံ့ပိုးကူညီဆောင်ရွက် ပေးကြပြီး ပုံမှန်ကာကွယ်ဆေး ထိုးနှံရမည့် ကလေးငယ်များ ကျန်ရှိမှု မရှိစေရန် လှည့်လည် ဆော်သြခြင်းများ ဆောင်ရွက် ပေးကြကြောင်း သိရသည်။(၄၅၆)

# မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

ချစ်ဝိုင်း(ဥပဒေ)

စင်စစ် ဘိန်းဟူသော ဝတ္ထုပစ္စည်းသည်မြန်မာနိုင်ငံတွင် စတင်ပေါ်ပေါက်ခဲ့သည့် ပစ္စည်းမဟုတ်ပေ။ လေ့လာတွေ့ရှိချက်အရ တင်ပြရလျှင် ဘိန်းဟူသော မူးယစ်ဆေးဝါးသည် ဥရောပတိုက်၊ မြေထဲပင်လယ်ဒေသ၊ အာရှမိုင်းနားဘက်မှ အိန္ဒိယနိုင်ငံကို ဖြတ်ကျော်၍ မြန်မာနိုင်ငံသို့ ပင်လယ်ရေကြောင်းဖြင့် ရောက်ရှိလာခဲ့သော ပစ္စည်းဖြစ်သည်။ အိန္ဒိယဘာသာစကားဖြင့် ပြောရလျှင် **'အဖိန်း'** ဟုခေါ်၍ ထိုမှတစ်ဆင့် **'ဘိန်း'** ဟူသော စကားရပ်ဖြစ်ခဲ့ပေသည်။ ဥရောပအလယ်ပိုင်းဒေသမှ ဘိန်းစိုက်ပျိုးရေး၊ ထုတ်လုပ်ရေးလုပ်ငန်းသည် အာရပ်ကုန်သည်ကြီးများမှတစ်ဆင့် အာရှနှင့် အရှေ့ဖျားနိုင်ငံများသို့ ပျံ့နှံ့ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရပေသည်။

ရှေးနှစ်ပေါင်းများစွာကပင် အမိမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ **'မြန်မာ'** ဟေ့ဟုထည်ထည်ဝါဝါ၊ ခံ့ခံ့ညားညား၊ တည်တည်ငြိမ်ငြိမ်နှင့် မားမားမတ်မတ် ရပ်တည်ခဲ့ပြီး ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းဖြင့် ထီးပိုင်၊ နန်းပိုင်၊ ကြငှန်းပိုင်ဆိုင်ပြီး မြန်မာများကိုယ်တိုင် အုပ်ချုပ်မင်းလုပ်ပြီး အုပ်စိုးစီမံဆောင်ရွက်ခဲ့၏။

အမိမြန်မာနိုင်ငံတော်ကြီးကို မြန်မာမင်းများကိုယ်တိုင် အုပ်ချုပ်မင်းလုပ်စဉ်အခါကပင်လျှင် မြန်မာနိုင်ငံတော်တွင် ဘိန်းပင်စိုက်ပျိုးသော အလေ့အထကို မတွေ့ရှိခဲ့ရပေ။ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့ လုံးဝသိမ်းပိုက်ပြီးမှပင် ဘိန်းအလေ့အထ စတင်ခဲ့ကြောင်း အခိုင်အမာတွေ့ရှိရပြီး ဘိန်းသည် နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူများ၏ အမွေခံပစ္စည်းပင် ဖြစ်ပေသည်။

၁၉၄၂ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူအစိုးရသည် ပူတာအိုမြို့ လေယာဉ်ကွင်း စတင်ဆောက်လုပ်ခဲ့စဉ် အချိန်အခါက မြန်မာနိုင်ငံ၏ ဒေသခံတိုင်းရင်းသားများကို ဘိန်းများကျွေးပြီး အလုပ်များ ခိုင်းစေခဲ့သည်။ သူတို့ကျွေးသော ဘိန်းကို စားပြီး အလုပ်လုပ်သော တိုင်းရင်းသားအလုပ်သမားများကို အလုပ်နားချိန်များများပေးပြီး ဘိန်းမစားသည့် တိုင်းရင်းသားအလုပ်သမားများကို အလုပ်နားချိန် နည်းနည်းပေးခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားအလုပ်သမားများကို ဘိန်းကျွေးပြီး မြေဖို့၊ မြေသယ်၊ လမ်းခင်း၊ အလုပ်ကြမ်းများ အတင်းအဓမ္မ ခိုင်းစေခဲ့သည်။ မြန်မာနိုင်ငံ၏ ရာသီဥတု၊ တောတောင်ရေမြေအခြေအနေအရ ဘိန်းစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနေရာများတွင် ဗြိတိသျှနယ်ချဲ့မျက်နှာဖြူအစိုးရသည် ဒေသခံတိုင်းရင်းသားပြည်သူများအား ဘိန်းများ စိုက်ပျိုးစေခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံကို ဘိန်းအစပျိုးခဲ့သည့် တရားခံသည် မည်သူဖြစ်ကြောင်း သိသာထင်ရှားပေသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီအစ ပထမကပင် ဘိန်းစိုက်ပျိုးဖို့ဝေးစွ၊ ဘိန်းဟူသည်ကိုပင် နားမလည်ခဲ့။ ဘိန်းသုံးစွဲဖို့ဆိုသည်မှာလည်း ဝေလာဝေး။ မြန်မာနိုင်ငံကို အုပ်ချုပ်မင်းလုပ်ခဲ့သော မြန်မာဘုရင် ဘိုးတော်ဘုရားလက်ထက်တွင် ဘိုးတော်ဘုရားသည် ဘိန်း၊ ဘင်း၊ ကဆော်၊ လှော်စာမှစ၍ ယစ်မျိုးနှင့် သက်ဆိုင်သမျှသော မူးယစ်ဆေးဝါးဟူသမျှကို လုံးဝ အရောင်းအဝယ်မပြုလုပ်ရန် ပြင်းပြင်းထန်ထန် တားမြစ်ခဲ့သည့် အမိန့်ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဘိန်းစားဟုအခေါ်ခံရသူများသည် မြန်မာမင်းများလက်ထက်ကပင် အောက်တန်းကျပြီး လူတောမတိုး၊ လူရာမဝင်ဘဲ မည်သူမျှ ဆေးဖော်ကြောဖက် မလုပ်ခဲ့ကြပေ။ ဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှုသောလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အလေ့အထမရှိခဲ့ပေ။

မြန်မာနိုင်ငံတွင် ဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှုအမှုကိုပြုကြသူများသည် တရုတ်၊ ကုလားများသာ ဖြစ်ကြသည်။ ထို့ကြောင့် ဘိုးတော်ဘုရားသည် ဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှုအမှုကိုပြုကြသော တရုတ်၊ ကုလားများကို ဖမ်းဆီးခြင်းမပြုဘဲ မြန်မာဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှုသော လူများကိုသာ မြို့ဝန်မင်းက ဖမ်းဆီးစေပြီး အကျဉ်းလုံအောင်ထားစေ၊ ဘိန်းရောင်းသူလည်း မရှိစေရန်နှင့် ဘိန်းရှိသမျှကို ရွှေတိုက်တော်သို့ သွင်းစေဟု အမိန့်ထုတ်ပြန်ခဲ့၏။

ဗြိတိသျှနယ်ချဲ့မျက်နှာဖြူအင်္ဂလိပ်အစိုးရသည် နေမဝင်အင်ပါယာ၊ နေမဝင်နိုင်ငံဟု ကမ္ဘာသိအောင် ကြေညာပြီး မိမိပိုင်သော မိမိနိုင်ငံတွင်သာ နေထိုင်ခဲ့သည်မဟုတ်။ ကမ္ဘာ့နိုင်ငံအသီးသီးသို့ သွားရောက်ခြေချပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၊ လူမျိုးရေးကို ပျက်သုဉ်းအောင် ဖျက်ဆီး၊ စီးပွားရေးကို ဗရုတ်ဗရက်ဖြစ်အောင် ဖန်တီး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ပျက်စီးအောင် ကြံစည်နေကြသော လူမျိုးဖြစ်၏။

သာဓကတင်ပြရလျှင် ၁၈၃၉-၄၂ ခုနှစ်တွင် အင်္ဂလိပ်နှင့် တရုတ်ဘိန်းစစ်ပွဲဖြစ်ရခြင်းအကြောင်းအရင်းကို တင်ပြရမည်ဖြစ်၏။ ဖြစ်ရခြင်းအကြောင်းအရင်းမှာ ဘိန်းကုန်ကူးခြင်းကိစ္စဖြစ်၏။ အင်္ဂလိပ်ကုန်သည်များသည် ၁၇ ရာစုကပင် တရုတ်ပြည်သို့ ဘိန်းများ တင်ပို့ရောင်းချကြသည်။ အိန္ဒိယနိုင်ငံမှ အများအပြားထွက်သော ဘိန်းကို တရုတ်ပြည်သို့ တင်ပို့သဖြင့် တရုတ်ထံမှ ဝယ်ယူလိုသည့် ပစ္စည်းများအတွက် လိုအပ်သည့်ငွေများ ရရှိသည်။

၁၈ ရာစုအတွင်း တရုတ်ပြည်တွင် ဘိန်းရှုခြင်းအလေ့အထ ပြန့်ပွားနေသဖြင့် ဘိန်းကုန်သည် အင်္ဂလိပ်များအဖို့ အကျိုးအမြတ်များများ ရရှိခဲ့သည်။ တစ်နှစ်လျှင် ပျမ်းမျှ ဘိန်းတန်ချိန် ၁၀၀၀ ကျော် တင်ပို့ရောင်းချသည်။ တရုတ်အစိုးရအနေနှင့် ဘိန်းအရောင်းအဝယ် ထွန်းကားနေသည်ကို လုံးဝမလိုလားချေ။ ထို့ကြောင့် ဘိန်းအရောင်းအဝယ် တားမြစ်ရန် ၁၇၂၉ ခုနှစ်ကပင် ဧကရာဇ်အမိန့်တစ်ရပ် ထုတ်ပြန်တားဆီးခဲ့သည်။ သို့သော် ဘိန်းအရောင်းအဝယ်မှာ ဆက်လက်ထွန်းကားမြဲ ထွန်းကားနေသည်။

ထို့ကြောင့် ၁၈၃၉ ခုနှစ်တွင် လင်စီဇူးကို အထူးအာဏာကုန်မင်းကြီးခန့်၍ ကုန်ကူးခြင်းကို ပိတ်ပင်ရန် ကန်တုံသို့ စေလွှတ်ခဲ့သည်။ လင်စီဇူးသည် ဘိန်းသေတ္တာ ၂၀၀၀၀ ကျော်ကို သိမ်းဆည်းကာ မီးရှို့ဖျက်ဆီး၍ ဘိန်းကုန်ကူးမည့်သူများကို သေဒဏ်ပေးမည်ဟု ကြေညာလေသည်။ ဘိန်းများ အသိမ်းခံရပြီးနောက် အင်္ဂလိပ်ကိုယ်စားလှယ်များသည် မူလနေရင်း မကာအိုမှ ထွက်ခွာ၍ ဟောင်ကောင်ကျွန်းသို့ ပြောင်းသွားသည်။ မကြာမီ အင်္ဂလိပ်ရေတပ်ရောက်ရှိ၍ ကန်တုံမြို့ကို ရေကြောင်းမှ ပိတ်ဆို့တိုက်ခိုက်သည်။ ဆိပ်ကမ်းရှိ တရုတ်သင်္ဘောများ နစ်မြုပ်ပျက်စီးသည်။ သို့နှင့် အင်္ဂလိပ်နှင့် တရုတ်တို့သည် ဘိန်းအတွက်နှင့် ဘိန်းစစ်ပွဲဖြစ်ခဲ့ရသည်။ ဤဘိန်းစစ်ပွဲသည် ယနေ့တိုင် ကမ္ဘာ့သမိုင်းမှာ မှတ်တိုင်အဖြစ် တင်ကျန်ရစ်ခဲ့သည်။

**မြန်မာနိုင်ငံ၏ ပုဂံခေတ်၊ အင်းဝခေတ်၊ ပင်းယခေတ်၊ ကုန်းဘောင်ခေတ် အစရှိသည့် ခေတ်အဆက်ဆက် သမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြန်မာလူမျိုးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီး၏ လေးစားခြင်းကို ခံယူခဲ့သော လူမျိုးဖြစ်၏။ ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်ဆည်းကပ်သော လူမျိုးပီပီ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံ၏၊ အားထုတ်၏၊ ပွားများ၏၊ နေထိုင်၏။ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်၏၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မား၏၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်၏။**

မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝရှုခင်းများသည် သာယာ၏၊ ကြည်နူးဖွယ်ကောင်း၏၊ ရှုလေတိုင်း မငြီးငွေ့(?) မဲ့လောက်စရာမရှိ၊ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်တွင် သဘာဝက ပေးထားသော သယံဇာတပစ္စည်းများ ပေါကြွယ်ဝလှ၏။ ထိုထိုသော သဘာဝရုပ်ဝတ္ထုပစ္စည်းများကို နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ နယ်ချဲ့လက်သစ်ဝါဒီများသည် လိုချင်မျက်စိရှိကြ၏၊ တပ်မက်၏။ အထူးသဖြင့် နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူများသည် ပို၍လိုချင်ကြ၏။ ထို့ကြောင့်လည်း နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ပျက်စီးအောင် မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းကို မြန်မာ့မြေပေါ်တွင် ရှင်သန်စေရန် မျိုးစေ့ချခဲ့ကြ၏။ လူကို အညွန့်တုံးစေအောင် သုံးစွဲစေခဲ့၏။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့ အမွေပေးခဲ့သော ဘိန်းကို သုံးစွဲလာကြ၏။ တဖြည်းဖြည်းနှင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဘိန်းကို စိုက်ပျိုးလာကြ၏။ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလာကြ၏။ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူတို့မှာ ဗဟုသုတနည်းပါး၍ နယ်ချဲ့တို့လုပ်သမျှ နားဝင်ခဲ့ကြ၏။ ဘိန်းစိုက်ပျိုးမှ ဝင်ငွေရမည်ကိုသာ သိရှိကြ၏။ ဘိန်းအစား၊ အခြားသီးနှံများ စိုက်ပျိုးရေးသည် နယ်စပ်ဒေသ၌ မရှိခဲ့ချေ။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများသည် ဘိန်းဘီလူးတို့ ကျက်စားရာ နယ်မြေဖြစ်လာခဲ့ရ၏။ စိုက်ပျိုးသော ဘိန်းပင်သည် လူသားတို့အတွက် အညွန့်တုံးစေခြင်း၊ အသက်အန္တရာယ်ကြီးမားစေခြင်းကို နယ်ချဲ့တို့ ဘိန်းမှိုင်းတိုက်ထားသောကြောင့် တိုင်းရင်းသားများမှာ မသိနားမလည်ဖြစ်ခဲ့ကြရ၏။ နယ်ချဲ့အင်္ဂလိပ်တို့၏ အမွေဆိုးဖြစ်သည့် ဘိန်းသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့နေ၏။ မြန်မာနိုင်ငံအနေဖြင့် လူသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာဓနများကို ဒုက္ခပေးမည့် မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းသည် လူသားများကို စားမည့်ပမာ၊ ဝါးမည့်ပမာ ခြိမ်းခြောက်နေ၏။ ဟိန်းဟောက်နေ၏။ ကြောက်စရာကောင်းလိုက်ပါဘိ။

စင်စစ် နိုင်ငံတစ်နိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူ တစ်ယောက်ပြီးတစ်ယောက် တိုးလာခြင်းသည် ထိုနိုင်ငံ တိုးတက်ရေးအတွက် ဆူးညောင့်ခလုတ်ကြီးတစ်ခု ပေါ်ပေါက်လာခြင်းပင်ဖြစ်၏။ နိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲသူတွေ များလာလေလေ ၎င်းနိုင်ငံသည် ရေတိမ်နစ်မည်မှာ သေချာ၏။

သို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မည်သည့်နေရာဒေသ၌မဆို မူးယစ်စေတတ်သော ဘိန်းပင်ကို ကားပင်၊ ဆေးခြောက်ပင် အစရှိသော မူးယစ်စေတတ်သည့် အပင်တစ်မျိုးမျိုးကို စိုက်ပျိုးခြင်း၊ ၎င်းအပင်များမှ မူးယစ်ဆေးဝါးအဖြစ်သို့ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပနှင့် ဆက်သွယ်ပြုလုပ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း အစရှိသည့် သတ်မှတ်ထားသည့် ပြစ်ဒဏ်များကို မပြုလုပ်ရန်အတွက် ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီသည် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအမှတ်(၅)ကို ထုတ်ပြန်ပြဋ္ဌာန်း၍ အရေးယူခဲ့ခြင်း၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဥပဒေအမှတ်(၁/၉၃)ဖြစ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ထပ်မံပြဋ္ဌာန်း၍ အပြစ်ပေး အရေးယူဆောင်ရွက်ခဲ့၏။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်စပ်ဒေသများသည် ပထဝီအနေအထားအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့်လည်းကောင်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည့်အပြင် နှစ်(၄၀)ကျော် ရောင်စုံသောင်းကျန်းမှုဒဏ်ခံခဲ့ရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သည့် ပမာဏသည် အလွန်ကြီးမားခဲ့၏။

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာသည့် အမျိုးသားတပ်မတော်ဖြစ်၏။ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၉ ခုနှစ်မှစပြီး အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ အထောက်အပံ့များဖြင့် တရုတ်ဖြူတပ်မကြီး အချို့သည် မြန်မာပြည် ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်းကို ခြေကုပ်ယူပြီး ဝင်ရောက်နှောင့်ယှက်ဖို့ လှုပ်ရှားခဲ့၏။ အဆိုပါအင်အားစုကြီးများကို မြန်မာ့တပ်မတော်သည် နဂါးနိုင်၊ ရန်ကြီးအောင်၊ ဘုရင့်နောင်၊ မဲခေါင်စစ်ဆင်ရေးကြီးများဖြင့် တိုက်ခိုက်ခဲ့ရ၏။

၁၉၈၉ ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ သောင်းကြမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပြီး တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝနှင့် စီးပွားရေးဘဝ ခေတ်နောက်ကျကျန်ခဲ့သည်ကို သဘောပေါက် သိမြင်လာကြပြီး ငြိမ်းချမ်းရေးရယူကာ တပ်မတော်နှင့် အတူလက်တွဲပြီး နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့၏။

မည်သို့ဆိုစေ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အန္တရာယ်သာမဟုတ်ပါ။ ကမ္ဘာ့လူသားအားလုံး၏ ကြီးမားသည့် အန္တရာယ်ဖြစ်သည့်အတွက် စေတနာအမှန်နှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မည်သည့်နိုင်ငံနှင့်မဆို လက်တွဲဆောင်ရွက်ရန် အသင့်ရှိနေမည်ဖြစ်၏။

ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးတွင် ကောင်းကျိုးမပေးခဲ့သော မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်၊ ဖြန့်ဖြူး၊ သောက်သုံးမှုမှန်သမျှကို တုံ့ပြန်အဖြေရှာပြီး ကာကွယ်တားဆီးရပေမည်။ မူးယစ်ဆေးဝါးသည် ယခုအခါ ကမ္ဘာ့လူသားများကို ဒုက္ခပေးသော HIV ရောဂါပိုး ကူးစက်စေသည့် AIDS ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုးကြီးကို ဖြစ်စေခဲ့သောကြောင့် အနာဂတ်ကာလ၏ ကြယ်ပွင့်လေးများဖြစ်သော လူငယ်၊ လူရွယ် အညွန့်အဖူးလေးများသည် မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြရပေမည်။ သို့မှသာ သာယာလှပသော ဘဝအရသာကို ခံစားရမည်ဖြစ်ပေသည်။ ဘိန်းကြမ္မာကောင်း၏ သားကောင်မဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးဟူသမျှကို ဖျက်ဆီးတွန်းလှန် တိုက်ဖျက်သွားရမည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် "ယနေ့ လူငယ် နောင်ဝယ် လူကြီး" ဆိုသည့် စကားနှင့်အညီ ယနေ့လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြပေသည်။ အနာဂတ်တိုင်းပြည်၏ ကံကြမ္မာကို ဖန်တီးကြမည့်သူများလည်း ဖြစ်ကြပေသည်။ နိုင်ငံတော်တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်သည့် အလျောက် ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ စည်းကမ်းရှိသူ၊ မှန်ကန်တိကျသူ၊ အသိဉာဏ်ကြွယ်ဝသူ၊ အကျင့်စာရိတ္တကောင်းမွန်သူများ ဖြစ်ကြရပေမည်။ "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဆိုသည့် တို့တာဝန်အရေးသုံးပါးကိုလည်း ကာကွယ်စောင့်ထိန်းနိုင်သူများလည်း ဖြစ်ရပေမည်။ တိုင်းပြည်၏ အသက်သည် လူငယ်ထု၏ လက်ထဲတွင် ရှိပေသည်။

ထို့ကြောင့် လူကို အညွန့်တုံးစေသော လူ့ရန်စွယ်၊ မာန်စွယ် အန္တရာယ်ဖြစ်စေသော မူးယစ်ဆေးဝါးဟူသမျှကို မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် သမိုင်းပေးအသိဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အချင်းချင်း လက်ချင်းဆက်၍ ကာကွယ်တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

# ဓမ္မာစရိယစာမေးပွဲ ပါရာဇိကပါဠိအဋ္ဌကထာ(ဒုတိယနေ့) ဆက်လက်ဖြေဆို



**မန္တလေး မတ် ၂၅**

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မဟာအောင်မြေမြို့နယ် အ.ထ.က(၁၃) ကျောင်း စာဖြေဌာန၌ မတ် ၂၄ ရက် မွန်းလွဲပိုင်းက (ဒုတိယနေ့) ဆက်လက်ဖြေဆိုခဲ့သည်။

အဆိုပါ အစိုးရဓမ္မာစရိယ စာမေးပွဲ ဖြေဆိုနေမှုကို ဩဝါဒါစရိယဆရာတော်များ၊ အထူးကြီးကြပ်ရေး ဆရာတော်များ၊ အထူးစစ်ဆေးရေးဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်ကြီးများက ကြီးကြပ်ဆောင်ရွက်ကြပြီး ပါရာဇိကပါဠိအဋ္ဌကထာ (ဒုတိယနေ့) ကို ဆက်လက်ဖြေဆိုလျက်ရှိသော သံဃာတော် ၆၄၇ ပါးရှိသည်။ **(အပေါ်ဝဲပုံ)**

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် စာရင်းရှိ သံဃာတော် ၇၅၆ ပါး၊ ဖြေဆိုသံဃာတော် ၆၄၄ ပါး၊ ပျက်ကွက် သံဃာတော် ၁၁၂ ပါး၊ စာရင်းရှိ သီလရှင် သုံးပါး ဖြေဆိုသီလရှင် သုံးပါး၊ စုစုပေါင်း ၆၄၇ ပါး ဖြေဆိုလျက်ရှိရာ မတ် ၂၃ ရက်မှ ၂၈ ရက်အထိ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စော်မင်း**

ဝ-ဝ-ဝ-ဝ-ဝ

# စာဖတ်ရှိန်မြှင့်တင်ရေး ရုပ်ပုံပြ ပုံပြင်ပြောခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ပြသ

**လားရှိုး မတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတ တိုးပွားစေရန်၊ ပြည်သူ့စာကြည့်တိုက်နှင့် ပိုမိုရင်းနှီးကျွမ်းဝင်ကာ စာကြည့်တိုက်အား အသုံးချတတ်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး ရုပ်ပုံပြ ပုံပြင်ပြောခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများဆောင်ရွက်ခြင်းကို ယမန်နေ့က ခရိုင်လူထုအခြေပြု ဗဟိုဌာန Community Centre တွင် ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က အမှာစကားပြောကြားပြီး (ရုပ်သံကျွမ်းကျင်-၃) ဒေါ်မီမီမိုးက ကျောင်းသား၊ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ရုပ်ပုံပြပုံပြင်ပြောခြင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်၊စာစောင်ပြပွဲ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ရာ တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

# စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ

**ပခုက္ကူ မတ် ၂၅**


မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် အခြေခံပညာကျောင်းအဆင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းကို မတ် ၂၄ ရက် နံနက် ၉ နာရီက အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း (မြစ်ကိုင်း)၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ပခုက္ကူခရိုင်ပညာရေးမှူး ဦးနိန်ဟုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက တစ်ဦးချင်းမိတ်ဆက်ကြပြီး သင်တန်းများကို ဖွင့်လှစ်ပို့ချသည်။ **(အောက်ယာပုံ)**

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၇၇ ကျောင်းမှ တာဝန်ခံကျောင်းအုပ်ကြီးများ တက်ရောက်သင်ယူကြမည်ဖြစ်ပြီး နည်းပြဆရာ၊ ဆရာမ ၁၅ ဦးက မတ် ၂၄ ရက်မှ ၂၆ ရက်အထိ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှု ဆက်ဆံရေးအထောက်အပံ့ပေးရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်ဖိစီးမှုဆိုင်ရာများ၊ စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီစောင့်ရှောက်နည်း၊ ဆက်သွယ်ပြောဆိုမှုနှင့်နားထောင်မှုပညာ၊ ဘေးကင်းလုံခြုံပြီး ကာကွယ်စောင့်ရှောက်မှုပေးနိုင်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးနည်း၊ ဆရာ၊ဆရာမများ၏ မိမိကိုယ်ကို ဂရုစိုက်စောင့်ရှောက်နည်းနှင့် ကိုယ်စိတ်ကျန်းမာပျော်ရွှင်စွာ ပြုမူနေထိုင်နည်း၊ အပြုသဘောဆောင်သော စည်းကမ်းချက်များနှင့် ဘာသာရပ်များအားလုံး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း စသည်တို့ကို စာတွေ့၊လက်တွေ့စနစ်တကျသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၄၀)**

ဝ-ဝ-ဝ-ဝ-ဝ






စာအုပ်၊ စာပေ
လူ့မိတ်ဆွေ ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပရိတ်တော်အစွမ်း အံ့မခန်း

* သုံးလူ့ထွတ်ထား
မြတ်ဘုရား
ဟောကြားခဲ့သည်မှာ ။
* ကျက်သရေမင်္ဂလာ
တိုးစိမ့်ငှာ
ရွတ်ပါ“မင်္ဂလသုတ်” ။
* ကပ်ကြီးသုံးပါး
လွတ်စေခြား
ရွတ်ပွား “ရတနာ့သုတ်” ။
* သတ္တဝါတိုင်ထို
ချစ်စေလို
ရွတ်ဆို “မေတ္တသုတ်” ။
* အဆိပ်ပြင်းထန်
မြွေ၊ ကင်းရန်
ကေန်ကင်းပ “သုတ်ခန္ဓ” ။
* ဘေးရန်ချုပ်နှောင်
လွတ်ကင်းအောင်
ရွတ်ဆောင် “သုတ်မောရ” ။
* မီးဘေးကင်းကွာ
လွတ်ကင်းစွာ
ရွတ်ပါ “ဝဋ္ဋသုတ်” ။
* ထိတ်ခြင်း၊ လန့်ခြင်း
တုန်လှုပ်ခြင်း
ဘေးကင်းရန်ပ “သုတ်ဓဇဂ္ဂ” ။
* မိစ္ဆာ၊ နတ်စုန်း
နှောင့်ယှက်ဦး
ရွတ်သုံး “အာဋာနာဋိယ” ။
* ကိုယ်ဝန်ဆောင်များ
မီးနေဖွား
ရွတ်ပွား “အင်္ဂုလိမာလ” ။
* ဆင်းရဲပင်ပန်း
နာမကျန်း
ရွတ်စမ်း “ဗောဇ္ဈင်္ဂ” ။
* မကောင်းအိမ်အတွင်း
ဖြိုဟ်စီးနင်း
လွတ်ကင်း “ပုဗ္ဗဏှ” ။
* ပရိတ်တရား
ရွတ်ဆိုပွား
စွမ်းအား အံ့မခန်း ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

# နွေရာသီသင်္ကြန်ကာလ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပမည်



**မန္တလေး မတ် ၂၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ ရန်အောင်မင်္ဂလာလမ်း၊ ခန္တော တိုက်အတွင်းရှိ အမှတ်(၂၅)ဘုန်းတော်ကြီးသင်ပညာရေးလှုန့်ကျောင်း (YEC)ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းတွင် ရှင်အပါး ၅၀၊ နားသ ၂၀ တို့အား နှစ်စဉ် နှစ်တိုင်းကျင်းပမြဲဖြစ်သော နွေရာသီသင်္ကြန်ကာလဖြစ်သည့် ဧပြီ ၄ ရက်တွင် ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပမည်ဖြစ်သည်။

YEC ပရဟိတမိဘမဲ့ကျောင်းတွင် ကျောင်းအိပ်၊ ကျောင်းစား တိုင်းရင်းသားကလေးငယ် ၅၀၀ ဦးအား ထိန်းသိမ်းစောင့်ရှောက်ထားပြီး ရှင်ပြု၊ နားသမင်္ဂလာတွင် တစ်ပါးလျှင် ငွေကျပ် သုံးသောင်းဖြင့် ပါဝင်လှူဒါန်းနိုင်ပြီး ပါဝင်ကုသိုလ်ပြုလိုသူများ YEC ပရဟိတမိဘမဲ့ကျောင်း တာဝန်ခံဆရာတော် အရှင်သောဘန ဖုန်း ၀၉-၂၅၆၅၀၀၂၁၁၊ ၀၉-၇၇၅၅ ၄၄၂၅၅၊ YEC ကျောင်းအုပ်ဆရာကြီး ဦးရှိန်းဝဏ္ဏအောင် ဖုန်း ၀၉-၇၇၅၁၁၁၄၃၅၊ YEC ဆရာမ ဒေါ်ချယ်ရီ ဖုန်း ၀၉-၄၀ ၃၄၅၀၁၂၃၊ ၀၉-၇၈၇၈၂၄၈၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၀၇၀)**

*-*-*-*-*-*-*



# အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကို မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီက ဘုတာရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အဆိုပါ စာမေးပွဲတွင် ဓမ္မာစရိယ စာမေးပွဲကို စတင်ကျင်းပခြင်းဖြစ်ပြီး ရဟန်း ၃၅ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်း ၃၇ ပါး ဖြေဆိုရန် စာရင်းပေးသွင်းထားသည့်အနက် ရဟန်း ၃၀ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်း ၃၂ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ပျက်ကွက် ငါးပါးရှိကာ မတ် ၂၃ ရက် မှ ၂၆ ရက်အထိ ဖြေဆိုမည် ဖြစ်သည်။

အဆိုပါ စာမေးပွဲကို ရဟန်း၊ သာမဏေနှင့် သီလရှင်များ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများက အနီးကပ်ကြီးကြပ်၍ အကျိုးတော်ဆောင်အဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ဦးဆောင်မှုဖြင့် အလှူရှင်များက လိုအပ်သည့် ဆွမ်းနှင့်အချိုရည်များကို အလှည့်ကျလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၅၆)**

*-*-*-*-*-*

# အကျဉ်းသားများအား ကျန်းမာရေးစစ်ဆေး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ သရက်ခရိုင်ဆေးရုံ အထူးကုဆရာဝန်များအဖွဲ့က သရက်အကျဉ်းထောင်သို့ ကွင်းဆင်းပြီး အကျဉ်းသူ၊ အကျဉ်းသားအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ရာသို့ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၄၈ ဦး လာရောက်ပြသခဲ့ရာ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ စီစဉ်ပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**



# ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့ငွေများ ပေးအပ်

**ကျောက်ဆည် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် မိုးလုံလေလုံအားကစားခန်းမတွင် မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာရောက်ရှိသူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့သည့် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ထောက်ပံ့ငွေ ထောက်ပံ့ရေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာရောက်ရှိသူ ရပ်ကွက်၊ ကျေးရွာ အုပ်စု(၂၃)အုပ်စု၊ စာသင်ကျောင်းလေးကျောင်းတွင် အိမ်ထောင်စု ၃၆၇ စုမှ လူဦးရေ ၁၄၆၈ ဦးအတွက် တစ်ဦးလျှင် တစ်လငွေကျပ် နှစ်သောင်းနှုန်းဖြင့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလစာအတွက် စုစုပေါင်း ငွေကျပ် ၈၈၀၈၀၀၀၀ အား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စုစုအေး(ကျောက်ဆည်)**

*-*-*-*

*-*-*-*-*-*

# ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် မတ် ၂၅**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြအဖြစ် ပြင်ဦးလွင်မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)မှ ဒေါ်အေးအေးဖြိုး(မြို့နယ်တပ်ဖွဲ့မှူး)၊ ဦးထွန်းထွန်းဝင်း(ဒု-မြို့နယ်တပ်ဖွဲ့မှူး) နှင့် ဒေါ်အေးအေးမိုး(တပ်ခွဲမှူး) တို့က ကြက်ခြေနီသမိုင်းကြောင်းနှင့် အမှတ်အသားအကြောင်း၊ ကြက်ခြေနီအခြေခံမူ ခုနစ်ချက်၊ ရှေးဦးပြုစုခြင်း၏ရည်ရွယ်ချက်၊ ရှေးဦးပြုစုသူ လိုက်နာရမည့်အချက်များ၊သွေးအကြောင်းများ၊ အခြေခံအသက်ကယ် အထောက်အကူပြုနည်းလမ်းများ(CPR)၊ ပတ်တီးစည်းနည်းများနှင့် အထွေထွေအရေးပေါ်ပြုစုနည်း အစရှိသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါရှေးဦးသူနာပြုစုနည်းသင်တန်းကို ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၁ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၂၃ ရက် မှ ၂၅ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**

*-*-*-*-*-*



# ပုဂံ၊ ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စုများ စားသောက်ရေးအဆင်ပြေစေရန် ဆန်များ ထောက်ပံ့လှူဒါန်း



**ပုဂံ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ပုဂံ၊ ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ မတ် ၂၃ ရက်က ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတအဖွဲ့က ဆန်များထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ထိုသို့ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် ဆန်များလှူဒါန်းခြင်းကို J & SS Yangon မှ ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး အလှူရှင်များကိုယ်စား ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော်နှင့်ပရဟိတအဖွဲ့ဝင်များက ပုဂံ၊ ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စု ၇၀ စုအား အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်ပြည်စီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၄၅)**

*-*-*-*-*-*

**မျက်စိလျှကြ မျက်ကြည်ရ မြတ်သည့်လှူဒါန**

# ငွေရတုမှသည် နောင်နှစ်များစွာသို့ မွေးပျံ့နိုင်ပါစေ



အချိန်ကား တပို့တွဲလ၏ လကွယ်နေ့ဖြစ်သည်။ တပေါင်းလဆန်းတော့မည့် အခါသမယလည်းဖြစ်သည်။ နံနက် ၉ နာရီ အချိန် အရှေ့ယွန်းယွန်းက သူရိယနေမင်းကြီးသည် ဓမ္မပူဇော်ပွဲသွားရန် ရှမ်းကုန်းပြင်မြင့်တွင် မေးတင်လျက် ဆီးကြို၍ နေပေသည်။ နေရာက မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ပရိယတ္တိ သဒ္ဓမ္မမာမက "ဇေရတ်ဗိမာန်ကြီး" ရှိရာသို့ ဖြစ်သည်။ ရာသီဥတုကမပူမအေးရှိနေသဖြင့် သဘာယမျှနေ၏။ ဤကာလကို ဖိုးသူတော်ဦးမင်းက ၁၂ လရာသီဘွဲ့တွင် တပေါင်းလအား "ပန်းရွှေဖီကြိုင်လှောက်လို့၊ ပိတောက်ကယ်တဲ့ သင်းချို၊ ဥတ္တရာတရဂုဏ်က တိမ်ဘုံမှာ၊ ရောင် ခြည်လင်းလို့၊ လမင်းသော်တာနှင့် တူမကွာ၊ ထိန်း ပါလှဲ့ ထွန်းတဲ့ခါကို၊ သောင်သဲငယ်မို့၊ ရေညို ရစ်မို့၊ လေညင်းငယ်လာစုံ၊ ဟေမာန်မြိုင်ထဲက ဝမ်းဘဲ၊ ငယ်ရွှေစင်ရော်တို့ ဖော်ခေါ်သံ၊ မောင်မယ်ကြူးတယ်၊ ပျော်မြူးကြလို့" ဟု ဖွဲ့ဆို ထားပါသည်။

မန္တလေးမြို့ ရန်ကင်းတောင်ခြေရှိ ပရိယတ္တိ သဒ္ဓမ္မမာမက အသင်းကြီးသည် နှစ်စဉ်နှစ်တိုင်း ဆရာဒကာလက်တွဲညီလျက် စာအောင်သံဃာတော်၊ သီလရှင်များအား မွေးထုတ်ပေးနေသည့် အသင်းကြီးတစ်ခု ဖြစ်ပါသည်။ ယခုနှစ် ဆိုပါလျှင် (၂၅)နှစ်ပြည့် ငွေရတုစာမေးပွဲ အခမ်းအနားနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားက (၁၅)ကြိမ်မြောက်အထိ ခရီးပေါက်လို့ နေခဲ့ပါသည်။ ဤအခမ်းအနားသို့ စာရေးသူနှင့်အတူ ပုသိမ်ကြီး တိနိနှင့် ကျောက်တော်ကြီးဂေါပကအဖွဲ့ဝင် ဦးကျော်လည်း တက်ရောက်ခဲ့ကြသည်။ ခန်းမထဲရောက်သည်နှင့် ပုသိမ်ကြီး တိနိအဖွဲ့နှင့် သဒ္ဓမ္မမာမကအသင်းအဖွဲ့များက ကြိုဆိုလျက် ယခုနှစ်ဘွဲ့သဘင်တွင် ချီးမြှင့်ခံ ဆရာတော်များ၏ အစီအစဉ်ပါစာအုပ်ကို ကမ်းလာခဲ့ပါသည်။ အစီအစဉ်တွင် ဓမ္မာစရိယ အဘိဝံသဘွဲ့ရ ဆရာတော်နှင့် အဆင့်အလိုက် စာအောင်သံဃာ၊ သာမဏေတို့ကို ဂုဏ်ပြုပွဲ ဖြစ်ပါသည်။ ဂုဏ်ပြုပူဇော်ပွဲက သံဃာတော်များအတွက်ကြီးကျယ်မြင့်မြတ်လှပြီး အဘိဝံသဘွဲ့ အပူဇော်ခံဆရာတော်များ သီတင်းသုံးရန် အတွက် ထီးဖြူများဖြင့် ခြံရံလျက် နောက်ခံ စာတန်းကြီးက ငွေရောင်စာလုံးဖြင့် ကမ္ပည်းတင်ထားသဖြင့် ခံ့ညားထည်ဝါ၍ နေပြန်ပါသည်။

ထိုစဉ်ဘွဲ့နှင်းသဘင် အခမ်းအနားကို ကူညီတီးခတ်ပေးသည့် စောင်းအဖွဲ့မှ နာယက ဆရာတော်ကြီးများ ကြွရောက်နေရာယူမည်ဖြစ်၍ ငြိမ့်ညောင်းသည့် တေးသံကို တီးခတ်ပေးရင်း ဘွဲ့ရစာအောင် သံဃာ၊ သံမဏေတို့ပါ တစ်ပါတည်း နေရာယူကြပါသည်။ ပြီးနောက် အခမ်းအနားမှူးက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော် ဦးပညာသာမိဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။ ထို့နောက် ပရိယတ္တိ သဒ္ဓမ္မမာမက အသင်းကြီး၏ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပညာရေးနှင့်ပတ်သည့် သာသနာရေးဆိုင်ရာတို့ကို လျှောက်ထားရာတွင် ဤအသင်းကြီးဆက်လက်ရှင်သန်အောင် ဦးဆောင်ပေးခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိကကိုလည်း ဦးညွတ်ပါကြောင်းနှင့် ဆက်လက်ပြီး ရတုပေါင်းများစွာ ရှေ့ဆက်လှမ်းနိုင်စေဖို့ အသင်းကြီးသည် စည်းလုံးညီညွတ်စွာ ဆရာဒကာ ရေနှင့်ကြာကဲ့သို့ မဆုတ်မနစ် လျှောက်လှမ်းနိုင်စေရန်ကိုလည်း လျှောက်ထားခဲ့ပါသည်။

၄င်းနောက် မန္တလေးမြို့ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တကေသဝထံမှ ဩဝါဒကထာကို နာယူမှတ်သားရာဝယ် ဆရာတော်ကြီးက ယနေ့စာဖြေစဉ်အောင် သံဃာတော်များနှင့်ပတ်သက်ပြီး ကြွရောက်လာခဲ့သည့် ဧည့်ပရိသတ်တို့အား ဤအသင်းကြီး၏ အမည်နာမနှင့် ပတ်သက်ပြီး အဓိပ္ပာယ်ကို လိုတိုရှင်းရှင်းပြသွားခဲ့ပါသည်။ ဤအသင်းကြီးကို အထက်ဖော်ပြပါ ဒေါက်တာဘဒ္ဒန္တဇောတိက(ဓမ္မာစရိယ M.A ၊ သီရိလင်္ကာ) က ၂၀၀၁ ခုနှစ်တွင် စတင်ထည်ထောင်ခဲ့ကြောင်းနှင့် စာဖြေသံဃာ၊ သာမဏေတို့အတွက် ပြဋ္ဌာန်းကျမ်းစာများကို ဗန်းမော်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြု(ရှိစဉ်)ကနေ ယနေ့အထိ မန္တလေးမြို့ ဘိဝံသဘွဲ့ရဆရာတော်ကြီး ခုနစ်ပါးတို့က ဦးဆောင်ဆုံးဖြတ်အတည်ပြုပုစ္ဆာများ မေး၊ ဖြေပေးနေလျက် ရှိနေပါသည်။ ဤအသင်းကြီးသည် ဗုဒ္ဓဝိနယများနှင့် စာပေကျမ်းဂန်တတ်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် ဗုဒ္ဓ၏ ဓမ္မစာပေ (ပရိယတ္တိ)များ ပြန့်ပွားစေရေးပင်ဖြစ်သည်။

ပရိယတ္တိ ဆိုသည်မှာ ဗုဒ္ဓ၏ ဓမ္မဝိနယစာပေများ သင်ယူခြင်းဖြစ်ပြီး သဒ္ဓမ္မဆိုသည်မှာ ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဒဟူသည့် သာသနာတော်ကြီး သုံးရပ်ကို ရည်ညွှန်းပါသည်။ မာမက အဓိပ္ပာယ်ကား မြတ်နိုးသူ၊ မြတ်နိုးကြသူများဟု အဓိပ္ပာယ်ရပါသည်။ အားလုံးလွှမ်းခြုံဖွင့်ရသော် ဗုဒ္ဓ၏သာသနာတော်ကြီး သုံးရပ်ကို မြတ်နိုးကြသူများဟု အဓိပ္ပာယ်ရပါသည်။ အသေးစိတ်ဖော်ပြရသော် ဤအသင်းကြီးက သာသနာသုံးရပ်မှ ပရိယတ္တိ စာပေပြန့်ပွားရေးအတွက် ပစ္စည်းလေးပါး ထောက်ပံ့ပေးရုံမက ဘွဲ့ရအပူဇော်ခံ ဆရာတော်သူမြတ်များကို မွေးထုတ်ပေးရာ အသင်းကြီးသာဖြစ်ပါသည်။ ထို့ကြောင့် ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီးဟု ရှင်းလင်းပြဆိုခဲ့ပါသည်။ဤအသင်းကြီးသည် ယနေ့အထိ အဘိဝံသ အပါး ၃၀ ပေါ်ထွန်းခဲ့ပြီး သာသနာတော်ကိုလည်း စည်ပင်ဖွံ့ဖြိုးစေခဲ့ပါသည်။ ဒီဘွဲ့ကို ရှေးဘုရင်များ အဆက်ဆက်က ချီးမြှင့်ဆက်သချီးမြှောက်လျက် စာပေကျမ်းဂန်များ မေး၊ ဖြေစေနိုင်ရန် သင်ရိုးများအား ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင် သီဟိုဠ်ကျွန်း ဗုဒ္ဓအန္တယ်တော်တို့ထံမှ ရရှိခဲ့ပြီးဖြစ်၍ ခေတ်အဆက်ဆက် သာသနာတော်ကြီးအတွက် မှန်မြတ်လှပါကြောင်း မိန့်မှာခဲ့ပါသည်။

ဤအသင်းကြီးသည် ယခုနှစ်တွင် အဘိဝံသ သုံးပါး၊ ဓမ္မာစရိယ(၃)နှစ် တစ်ပါးနှင့်အတူ ဤသို့ တက်လှမ်းနိုင်ရန်အတွက် ကျန်အဆင့်မြင့် စာသင်သားလေးပါး၊ အခြေခံစာသင်တန်းအောင် ရှစ်ပါး၊ အခြေခံစာသင်တန်းအောင် ၁၅ ပါး တို့ကိုလည်း အသီးသီးဂုဏ်ပြုပူဇော်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၄င်းနောက် နာယကဆရာတော်ထံမှ ရေစက်ချ တရားကိုနာယူပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းအစုစုတို့ကိုပါ တစ်ပါးချင်း ဆက်ကပ်ပူဇော်ကြပါသည်။ ထိုနေ့အတွက် မန္တလေး၊ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ပရိယတ္တိ သဒ္ဓမ္မမာမက အသင်းကြီး၏ (၂၅)ကြိမ်မြောက် စာမေးပွဲနှင့် ဘွဲ့ချီးမြှင့်အခမ်းအနားသည် သာသနာတော်အတွက် နေမင်းကြီးတစ်ဆူလို ထွန်းတောက်လို့နေခဲ့ပါသည်။ စာအောင်သံဃာတော်သူမြတ်တို့အား အသိမှတ်ပြုပွဲကလည်း "ပူဇာစ ပူဇနေယျာနံ"သာ ဖြစ်ရုံမက အသင်းကြီး၏ လုံ့လဥဿဖကလည်း ကြီးကျယ်မြင့်မြတ်လှပါသည်။

အသင်းကြီး၏ ပန်းပျိုးစေသူ ဒေါက်တာ ဘဒ္ဒန္တဇောတိကသည် ဘုရင်အသောကမင်းကြီး၏ ထုံးကို နှလုံးမူလျက် ဦးဆောင်မှုကောင်းခြင်း၊ ဆရာဒကာစည်းလုံးညီညွတ်ခြင်း၊ စေတနာရှင်ဥပါသကာနှင့် ဥပါသိကာတို့၏ ဒါနအလှူအားကောင်းခြင်းတို့အတွက်ကြောင့်သာ ဖြစ်ပါသည်။ အဆုံးနိဂုံးချုပ်ရသော် ဗုဒ္ဓ၏ ဓမ္မစာပေအရ "ဆန္ဒဝတော လောကေ ကိံနာမ ကမ္မံ သစ္စုတိ၊ ဂုဏဝတော လောကေ ကိံနာမ ကမ္မံ သစ္စုတိ" ဟု ဆိုထားသည့်အတိုင်း ဆန္ဒရှိသူ ဂုဏ်ရှိသူတို့၏ ဦးဆောင်ဦးရွက်ပြုမှုက အောင်မြင်မှုကို ရရှိစေပါသည်။ အထူးသဖြင့် ဤငွေရတုမော်ကွန်းအထိမ်းအမှတ် မဂ္ဂဇင်းစာစောင် ထုတ်ဝေမှုကလည်း သဒ္ဓမ္မမာမက အသင်းကြီး၏ အောင်မြင်မှုကို မီးမောင်းသဖွယ် ဖြစ်စေသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ရပါသည်။

အခမ်းအနားအဆုံးတွင် အလှူရှင်အသီးသီးမှ သီးခြားစီ လှူဒါန်းကုသိုလ်ပြုရာ အလှူရှင်မိသားစု ဒေါ်ကွန့်မှလည်း ပညာရေးပဒေသာပင် ၁၀ သိန်းကျပ်ကို လှူဒါန်းစိုက်ထူသည့်အတွက် အသင်းကြီးကို အားတစ်ခုဖြစ်စေခဲ့ပါသည်။

ထို့နောက် အခမ်းအနားမှူးက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ဂုဏ်ပြုချီးမြှင့်ပွဲအား အောင်မြင်စွာ ပိတ်သိမ်းခဲ့ပါသည်။သို့ပါ၍ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် ပရိယတ္တိ သဒ္ဓမ္မမာမက အသင်းကြီး ထာဝရရှင်သန်လျက် သာသနာ့အာဇာနည်လောင်းလျာများ များစွာ မွေးထုတ်ပေးနိုင်ပါစေ။

ဤအသင်းကြီးသည်လည်း ငွေရတုမှသည် နောင်နှစ်များစွာအထိ တက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလျက် ရေးသားပူဇော်လိုက်ရပါသည်။

(သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = သာသနာပြုလုပ်ငန်းသည် အကြီးဆုံး ကုသိုလ်)

**အိုးဝေ(မြေနီကျင်း)**

## စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ကျောက်ဆည် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြတ်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ စာဖတ်စွမ်းရည်နှင့်ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက တိုးတက်သောလူတိုင်းသည် စာပေဖတ်ရှုသူများဖြစ်ကြောင်း၊ ဘက်စုံထူးချွန်စေရေး အားလပ်ချိန်များတွင် စာအုပ်စာပေများ ဖတ်ရှုသွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (ယာပုံ)

**စုစုအေး(ကျောက်ဆည်)**



# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)က နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ယူခွင့်များကို ယခင်အတိုင်း ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပြည်တွင်းခရီးစဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနေ

ရန်ကုန် မတ် ၂၅

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)အနေဖြင့် မကြာသေးမီအချိန်ကာလအတွင်းက ကန့်သတ်ထားသော နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ယူခွင့်များကို မတ် ၂၆ ရက်မှစတင်၍ ယခင်မူလအတိုင်းပြန်လည်သယ်ဆောင်ခွင့်ပေးသွားမည်ဖြစ်ပြီး operational အခြေအနေများကြောင့် ယခင်ကရပ်နားခဲ့ရသော ပြည်တွင်းခရီးစဉ်များအားလုံးကိုလည်း မတ် ၂၅ ရက်မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ပျံသန်းပြေးဆွဲပေးနေကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

MAI မှ ပြေးဆွဲနေသည့် နိုင်ငံတကာခရီးစဉ်များအတွက် ခရီးဆောင်အိတ်သယ်ဆောင်ခွင့်များမှာ Economy Class အတွက် 30KG အထိ၊ Business Class အတွက် 40KG အထိ ပြန်လည်သယ်ဆောင်နိုင်ပြီဖြစ်သလို Sky Smile(Ruby & Diamond) အဖွဲ့ဝင်များအနေဖြင့်လည်း အပိုခရီးဆောင်အိတ်သယ်ယူခွင့်များကို မူလအကျိုးခံစားခွင့်များအတိုင်း ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

မတ် ၂၂ ရက်မှ ၂၅ ရက်အတွင်း အသစ်ပြောင်းလဲသတ်မှတ်လိုက်သော ခရီးဆောင်အိတ်သယ်ယူခွင့် ယာယီကန့်သတ်ချက်များကြောင့် KG ဆုံးရှုံးနစ်နာခဲ့ရသည့်ခရီးသည်များကို MAI မှ ခရီးဆောင်အိတ်သယ်ဆောင်ခွင့်အလေးချိန် 10 KG နှင့် တန်ဖိုးညီမျှသည့် Travel Voucher တစ်စောင်ကိုလည်း ပြန်လည်ပေးအပ်သွားမည်ဖြစ်ပြီး ယင်း Travel Voucher ကို ယခုနှစ် ဖွန် ၃၀ ရက်အထိသာ အသုံးပြုနိုင်မည်ဖြစ်ကာ အခြားသူအား လွှဲပြောင်းခြင်း သို့မဟုတ် refund ပြန်လည်ထုတ်ယူခြင်းများ ပြုလုပ်နိုင်မည်မဟုတ်ဟုဆိုသည်။

ယခုအခြေအနေများကြောင့် ဖြစ်ပေါ်ခဲ့သော အဆင်မပြေမှုများအတွက် MAI မှ ခရီးသည်များအား အနူးအညွတ်တောင်းပန်ပါကြောင်းနှင့် မည်သည့်အခြေအနေမျိုးတွင်မဆို ခရီးသည်များ အဆင်ပြေချောမွေ့စွာ ခရီးသွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလို ကာလအတွင်း ခရီးသွားပြည်သူများ၏ စိတ်ရှည်နားလည်ပံ့ပိုးပေးမှုများကိုလည်း ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုထက်



## စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဆင်း

မန္တလေး မတ် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဆင်းပွဲကို မတ် ၂၄ရက် နံနက် ၁၀နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၇၃လမ်း၊ ၁၁လမ်းရှိ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်းခိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူး ဦးနေအောင်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (မန္တလေး)တပ်ဖွဲ့ စုမှူးရဲမှူးသူဇာလွင်နှင့်တပ်ဖွဲ့ဝင် များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)မန်နေဂျာလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထက်အောင်နှင့် ဝန်ထမ်းများ၊ မန္တလေးလူငယ်သင်တန်းကျောင်းအုပ် ကြီးလက်ထောက်ညွှန်ကြား ရေးမှူး ဦးကျော်ဇင်ထွန်း၊ မြန်မာ နိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းဗဟိုဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဗဟိုအတွင်းရေးမှူး ဦးမြင့်သန်းနှင့်ဗဟိုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သို့ တက်ရောက်ခဲ့ကြသော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(မန္တလေး)အား အသင်းအဖွဲ့ ထောက်ပံ့ကြေးပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။(အပေါ်ပုံ)

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၆ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက် ၇၀ ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



## ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

မူဆယ် မတ် ၂၅

မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၂၃ ရက် နံနက်ပိုင်းက မူဆယ်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုအခြေအနေအား ကွင်းဆင်းစစ်ဆေးရာ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာဦးရဲထွဋ်(အင်ဂျင်နီယာမှူး)တို့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ နမ့်စေးချောင်းတစ်လျှောက် အမှိုက်စွန့်ပစ်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှု၊ နမ့်စေးချောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄ဝ)

## မန္တလေးတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် Mobile Home များ ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချ

မန္တလေး မတ် ၂၅

မန္တလေးမြို့တွင် နေထိုင်ရေးအတွက် လွယ်ကူသည့် ရွှေ့ပြောင်းနိုင်သော Mobile Home အိမ်ရာများကို ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချနေပြီဖြစ်ကြောင်း Mandalay Smart Home Builders Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးသူရအောင်က ပြောကြားသည်။

ယင်းအိမ်ရာများသည် ငလျင်ဒဏ်ခံနိုင်ရည်ရှိပြီး လိုအပ်သလိုတည်နေရာပြောင်းရွှေ့နိုင်သည့် အိမ်ရာပုံစံဖြစ်သောကြောင့် မြို့ပြနေထိုင်မှုအတွက် ရွေးချယ်စရာအသစ်တစ်ရပ်အဖြစ် စိတ်ဝင်စားမှု မြင့်တက်နေသည်။

အဆိုပါ Mobile Home များကို RHGC ကုမ္ပဏီနှင့် ပူးပေါင်းကာ Mandalay Smart Home Builders ကုမ္ပဏီမှ အမေရိကန်နည်းပညာ အသုံးပြု၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထိုနည်းပညာအသုံးပြုမှုကြောင့် အပူဒဏ်၊ မိုးဒဏ်နှင့် ရေဒဏ်များကို ကောင်းမွန်စွာ ခံနိုင်ရည်ရှိပြီး မြန်မာနိုင်ငံအတွင်း ရာသီဥတုအခြေအနေများနှင့်ကိုက်ညီအောင် တည်ဆောက်ထားသည်ဟု သိရသည်။

ထို့ပြင် သယ်ယူပို့ဆောင်ရာတွင်လည်း လွယ်ကူစေရန် ဖွဲ့စည်းပုံကို မော်ဂျူးပုံစံဖြင့် ပြုလုပ်ထားပြီး လိုအပ်သလို အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ထားသည်။ ယင်းအိမ်ရာများအတွက် အာမခံကာလကို ခြောက်လပေးထားပြီး အိမ်သက်တမ်းမှာ နှစ် ၃၀ ခန့်အထိ အသုံးပြုနိုင်မည်ဟု သိရသည်။

ဈေးနှုန်းပိုင်းတွင် အခြေခံမော်ဒယ်များကို မြန်မာငွေကျပ် ၁၉၉ သိန်း ကျော်မှ စတင်ကာ အရွယ်အစား၊ ဒီဇိုင်းနှင့် အတွင်းပိုင်းပစ္စည်းတပ်ဆင်မှုများအပေါ် မူတည်၍ ၄၉၉ သိန်းကျော် အထိ ရှိနိုင်သည်။

ထို့အပြင် အိမ်အတွင်း ရေချိုးခန်းနှင့် အိမ်သာ၊ အအေးပေးစနစ် (Air Conditioner) နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို သုံးစွဲသူ၏လိုအပ်ချက်အလိုက် ထည့်သွင်းတပ်ဆင်နိုင်သဖြင့် ဈေးနှုန်းတွင် အနည်းငယ် ကွာခြားမှုများ ရှိနိုင်သည်။

ထူးခြားချက်အနေဖြင့် မန္တလေးမြို့အတွင်း ဝယ်ယူသူများအတွက် အခမဲ့ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တခြားမြို့နယ်များသို့လည်း သက်သာသည့်နှုန်းထားဖြင့် ပို့ဆောင်ပေးမည်ဟု သိရသည်။

ထို့အပြင် နောက်ပိုင်းတွင် ဆောက်လုပ်ရေးပစ္စည်းများကို ပြည်တွင်းထုတ်လုပ်မှုဖြင့် အစားထိုးသွားကာ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်ရေးနှင့် ဈေးနှုန်းပိုမိုသက်သာလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကုမ္ပဏီဘက်မှ ရည်ရွယ်ချက်အရ မြေပိုင်ဆိုင်မှု မရှိသေးသူများ၊ ယာယီနေထိုင်ရန် လိုအပ်သူများနှင့် အလုပ်အကိုင်အလိုက် နေရာပြောင်းရွှေ့နေရသူများအတွက် အဆင်ပြေစေရန် Mobile Home များကို ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ထို့ပြင် အနာဂတ်တွင် မြေယာငှားရမ်းမှုစနစ်နှင့် ပေါင်းစပ်ကာ Mobile Home များ ဖြင့် အဆင်ပြေပြေ နေထိုင်နိုင် သောအိမ်ရာစနစ်တစ်ရပ်ကို တည်ဆောက်သွားရန် စီစဉ်နေကြောင်းလည်း သိရသည်။

ယခုကဲ့သို့ Mobile Home စနစ်များသည် မြန်မာနိုင်ငံအတွင်း နေထိုင်မှုပုံစံအသစ်တစ်ရပ်အဖြစ် ဖွံ့ဖြိုးလာနိုင်ပြီး မြို့ပြလူနေမှုအခက်အခဲများကို လျှော့ချပေးနိုင်မည့် အလားအလာရှိကြောင်း သုံးသပ်သူများက ပြောကြားထားသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

ဝ-ဝ-ဝ-ဝ-ဝ




ပူနွေးကမ္ဘာ တားဆီးရာ မြေရှာတစ်ခု တောပြုစု။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အသိပေးကြော်ငြာချက်

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မန္တလေး(၆)မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါလုပ်ငန်းများ၏ အခွန်အခနှုန်းထားများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်နှင့်လျော်ညီသောနှုန်းထားသို့ ပြင်ဆင်သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) ပုဂ္ဂလိကနှင့် အစိုးရဌာနပိုင် အဆောက်အအုံများ၏ပစ္စည်းခွန် (အိမ်ခွန် + လမ်းမီးခွန် + အမှိုက်သိမ်းဆည်းခ)၊ ဟိုတယ်၊ နိုင်ငံခြားသားအငှားချ၊ ရုပ်ရှင်ရုံ၊ စက်ပစ္စည်း၊ ပုဂ္ဂလိကဆေးရုံပစ္စည်းခွန်များ

(ခ) ပုဂ္ဂလိကနှင့် အစိုးရဌာနပိုင်အဆောက်အအုံများတွင် အသုံးပြုသည့် ရေဖိုး၊ ရေခ

(ဂ) ဘီးလိမ့်ခွန် ကောက်ခံခြင်း

(ဃ) မန္တလေးမြို့အဝင်ဂိတ်များတွင် လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေးကောက်ခံခြင်း

(င) ယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းများ(ဂိတ်ဝင်ကြေး၊ ညအိပ်ခွန်၊ ပွဲကျဈေးကောက်၊ ကား/ဆိုင်ကယ် လပေး၊ ဂိတ်ခန်းလခ၊ ဆိုင်ခန်းလခနှုန်းထားများ)

(စ) ဆိုင်ခန်းလခများ၊ ယာဉ်ရပ်နားခ/မျဉ်းဝါ၊ မြေနှင့် အဆောက်အအုံ ငှားရမ်းခများ၊ တိုက်ခန်းလခများ

(ဆ) လေလံလုပ်ငန်းများ(စက်ဘီး၊ ဆိုင်ကယ်၊ ကား အပ်နှံခကောက်ခံခွင့်၊ ရေချိုး/ အိမ်သာအသုံးပြုခကောက်ခံခွင့်၊ ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်၊ (၆)မြို့နယ်လမ်းဘေးဈေးကောက် ကောက်ခံခွင့်၊ ဆိပ်ကမ်းခွန်ကောက်ခံခွင့်)

(ဇ) အုတ်၊ ထုံး၊ သဲ၊ ကျောက်ယာဉ်များ၊ Box ယာဉ်များ၊ ဆီသယ်ယာဉ်များ၊ မြေသယ်ယာဉ်များ၊ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချခြင်း

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အထက်ဖော်ပြပါလုပ်ငန်းများ၏ ပြင်ဆင်ကောက်ခံမည့် အသေးစိတ်နှုန်းထားများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ကြော်ငြာသင်ပုန်းနှင့် သက်ဆိုင်ရာနေရာများတွင် ဗီနိုင်းများကပ်၍ ကြော်ငြာသွားမည်ဖြစ်ပါသည်။

၃။ ပြင်ဆင်ကောက်ခံမည့် နှုန်းထားများနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ (ရုံးချိန်)အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဌာနခွဲမှူး၊ | အခွန်ဌာနခွဲ | ၀၉-၄၄၁၀၃၇၈၈၉ |
| (ခ) | ဌာနခွဲမှူး၊ | ရာပြတ်ဌာနခွဲ | ၀၉-၂၀၁၉၄၇၅ |
| (ဂ) | ဌာနခွဲမှူး၊ | ရေခွန်ဌာနခွဲ | ၀၉-၂၀၂၇၄၉၉ |

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အစိမတော်စောမွန်လှ မြတာဘက်ဘုရားစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူ ပူဇော်ပွဲတွင် ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် မြတာဘက်နဂါးကိုးကောင်ဘုရား အစိမတော်စောမွန်လှတည်ထားကိုးကွယ်ခဲ့သည့် မြတာဘက်စေတီတော်ကြီးအား စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပွဲကို ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ (၁၈-၄-၂၀၂၆)စနေနေ့ နံနက် ၇ နာရီတွင် တင်လှူပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော် အပေါင်းတို့မှ ပါဝင်ကုသိုလ်ယူနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၄၀၂၅၇၆၄၉၉ ထံသို့ လှူဒါန်းနိုင်ပါသည်။

## အကွက်အမှတ်(ညည-၅၁)၊ ဦးပိုင်အမှတ်(၂၃)မြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်(၁၅ ပေ × ပေ ၄၀)နှင့်ကပ်လျက် အလယ်ပိုင်း (၂၅ ပေ × ပေ ၄၀)ထဲမှ မြောက်ဘက်စိပ်(၁၂.၆ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၁)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးမြင့်အောင် အမည်ဖြင့်ရရှိထားသော(စလစ်)မြေကွက် ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်(၁၅ ပေ × ပေ ၄၀)နှင့်ကပ်လျက် အလယ်ပိုင်း(၂၅ ပေ × ပေ ၄၀)ထဲမှ မြောက်ဘက်စိပ်(၁၂.၆ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဒေါ်မြင့်မြင့်သန်း(ဘ)ဦးအောင်သန်း(၉/မရတ(နိုင်)၀၅၅၃၂၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈**

## အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၁၅၇-က)မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၁၅၇-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဒေါ်ရင်ရင် အမည်ဖြင့်ရရှိထားသာ (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူဖြစ်သည့် ဦးညွန့်ဦး(ဘ)ဦးတင်ဝင်း(၉/မနမ(နိုင်)၀၄၅၅၆၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈**

## အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်အမှတ်(၃၂)မြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်၏ တောင်ဘက်အလယ်စိပ် (၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးမြသင်း အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်၏ တောင်ဘက်အလယ်စိပ်(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူဖြစ်သည့် ဒေါ်စန်းရင်(ဘ)ဦးပိုင် (၉/မရမ(နိုင်)၀၁၆၅၆၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်(၄၃၃)၊ အိမ်ဦးပိုင်အမှတ်(၃/၁၀)၊ ဧရိယာ(၂၆ ပေ × ၃၄ ပေ)မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း-တောင်ဘက်လှည့်(၁၂ ပေ × ၃၄ ပေ)မြေကွက်အလွတ်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နေထိုင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထက်လင်းအောင်(ဘ)ဦးထွန်းလင်းအောင်(၉/မဟမ (နိုင်) ၀၄၉၃၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးထွန်းမင်း(ဘ)ဦးကျော်တင့်** | **ဒေါ်သန်းသန်းစိုး (LL.B, D.I.L)** |
| **(၉/မနတ(နိုင်)၁၀၅၁၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၆၇/ ၂၇–၁၂–၁၈)** |
| | **၈၉လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ အကွက်(၄၁၃)၊** |
| | **ရွှေဂူရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း ➤ ၀၉-၄၅၈၁၃၃၃၄၅၊ ၀၉-၇၆၆၄၄၅၀၅၇** |

❖ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးတိုးတက်စေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လို...

❖ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လို...

❖ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေး ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၂၅**

၂၀၂၆ ခုနှစ် (၁၃၈၇ ခုနှစ်) သင်္ကြန်တွင် နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အလှပြယာဉ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ကစားခြင်းကို မပြုလုပ်ကြရန် စီမံထားရှိကြောင်း၊ ယိမ်းအကအဖွဲ့များ ကပြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ လူကြီးသူမများအား ခေါင်းလျှော်၊ လက်သည်းညှပ်ပေးခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်း၊ ငါးလွှတ်ခြင်း စသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရမပျက် အလှူဒါနပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်အနေဖြင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များကို နေပြည်တော်ရင်ပြင်၊ ပျဉ်းမနားမြို့ ရှမ်းကန်ပတ်လည်၊ တပ်ကုန်းနှင့် လယ်ဝေးမြို့တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြည်သူ့ရင်ပြင်၊ ဦးဝိစာရအဝိုင်းမှ အလုံလမ်းတစ်လျှောက်၊ မြို့တော်ခန်းမရှေ့နှင့် ခရိုင်/မြို့နယ်များတွင် လည်းကောင်း၊ မန္တလေးမြို့တွင် နန်းမြို့ကျုံးပတ်ပတ်လည်၊ မိတ္ထီလာကန်ပတ်လည်နှင့်

စာမျက်နှာ ၄ သို့

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ဘက်ထရီလျှပ်စစ်စက်ခေါင်းများဖြင့် မြို့ပတ်ရထားများ စတင်ပြေးဆွဲ

**ရန်ကုန် မတ် ၂၅**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သည့် ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive-BEL)များဖြင့် ရန်ကုန်မြို့ပတ်ရထားများတွင် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံ၌ ကျင်းပသည်။

စာမျက်နှာ ၄ သို့




# အာဖဂန်နစ္စတန်နှင့် မြန်မာအသင်းတို့၏ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲစဉ် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၅**

၂၀၂၇ ဆော်ဒီအာရေဗျ အာရှဖလား ခြေစစ်ပွဲ(Asian Cup Saudi Arabia 2027 Qualifiers) အုပ်စု(E)၏ အရေးပါသော ပွဲစဉ်တစ်ပွဲဖြစ်သည့် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲ(Pre-Match Press Conference)ကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အာဖဂန်နစ္စတန်အသင်းနည်းပြချုပ် ဟိုဆေးအန်တိုနီယိုနိုဂူရီရာ (Mr. José Antonio Nogueira)နှင့် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းတို့သည် အသင်းခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြပြီး မတ် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်အတွက် အသင်းများ၏ ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ကျွန်တော်တို့ မတ် ၁၉ ရက်မှာ စတင်လေ့ကျင့်ခဲ့ပေမယ့် မတ် ၂၁ ရက်ကျမှသာ ကစားသမား အစုံအလင်နဲ့ လေ့ကျင့်ခွင့်ရခဲ့တာပါ။ လေ့ကျင့်မှုပြုလုပ်တဲ့အချိန်တွေမှာ ကစားသမားတွေ အားလုံးဟာ နည်းပြတွေရဲ့ ညွှန်ကြားမှုအောက်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်အားထက်သန်စွာ လေ့ကျင့်နေကြတာကို တွေ့ရပါတယ်။ လက်ရှိ ပြင်ဆင်မှုအခြေအနေအပေါ် ကျေနပ်မှုရှိတာကြောင့် မနက်ဖြန် ကစားရမယ့်ပွဲမှာ ရလဒ်ကောင်းတစ်ခု ဖော်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကစားသမားသစ်တွေ ပါဝင်နေပေမယ့် အပြောင်းအလဲအများကြီး မလုပ်ဘဲ ၄င်းတို့ ကလပ်အသင်းတွေမှာ ကစားနေတဲ့ပုံစံအတိုင်း အသားကျအောင် အသုံးပြုသွားမှာဖြစ်ပါတယ်။ လေ့ကျင့်ပြင်ဆင်ချိန်နည်းပါးတာကတော့ နိုင်ငံတကာအသင်းတိုင်း ကြုံတွေ့နေရတဲ့ အခက်အခဲပါ။ ကျွန်တော်တို့ဘက်က ပြင်ဆင်မှုမျိုးစုံ ပြုလုပ်ထားပြီး ဒါကို မနက်ဖြန်ပြိုင်ပွဲကစားတဲ့အခါ မြင်တွေ့ရမှာပါ။ အာဖဂန်နစ္စတန်အသင်းကို ပထမအကျော့မှာ အနိုင်ရရှိထားပေမယ့် အခုအခါမှာတော့ နည်းပြသစ်နဲ့ အကောင်းဆုံး ပြင်ဆင်လာတာကြောင့် ပြိုင်ဘက်ကို လေးလေးစားစားနဲ့ပဲ ရင်ဆိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မိမိတို့လုပ်နိုင်တဲ့ စွမ်းဆောင်ရည်ထက် ပိုမိုကောင်းမွန်အောင် အစွမ်းကုန်ကြိုးစားသွားရမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင် နန္ဒကျော်ကလည်း "လိဂ်ပွဲစဉ်တွေ ပြီးဆုံးကတည်းက ပြင်ဆင်မှုတွေ စတင်ခဲ့ပြီး ကစားသမားအားလုံး စည်းစည်းလုံးလုံးနဲ့ လေ့ကျင့်ခဲ့ကြပါတယ်။ မိမိကို ယုံကြည်စွာနဲ့ အသင်းခေါင်းဆောင် တာဝန်ပေးအပ်ထားတာကြောင့် အကောင်းဆုံးကြိုးစားပြီး အနိုင်ရရှိအောင် ကစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ အာဖဂန်နစ္စတန်အသင်း နည်းပြချုပ် ဟိုဆေးအန်တိုနီယိုနိုဂူရီရာက "ပထမဆုံးအနေနဲ့ ဒီပွဲစဉ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးတဲ့ မြန်မာနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးမရှိတော့ပေမယ့် နှစ်သင်းစလုံးက အကောင်းဆုံး ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ။ မိမိအနေနဲ့ ဒီအသင်းကို စတင်ကိုင်တွယ်တာ မကြာသေးတာကြောင့် စိန်ခေါ်မှုအချို့တော့ ရှိနေပါတယ်။ ဒါပေမဲ့

စာမျက်နှာ ၅ သို့

